ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၄)ရက် ၊ ကြာသပတေးနေ့ ၊ (5-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၈၁)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ
(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၅ / ၂၀၂၆)
၁၃၈၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့်နေ့ရက်မှစတင်၍ အာဏာတည်စေရမည်။

၃။ ဤဥပဒေသည် သစ်၊ ဝါးဖြင့် ဆောက်လုပ်သည့် အဆောက်အအုံများမှအပ မြန်မာနိုင်ငံဆောက်လုပ်မှုကဏ္ဍတွင် ပါဝင်သည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေးနှင့်သက်ဆိုင်သော အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ တိုးချဲ့မွမ်းမံခြင်း၊ ထိန်းသိမ်းပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းများနှင့် သက်ဆိုင်စေရမည်။

၄။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆောက်လုပ်မှုကဏ္ဍ**ဆိုသည်မှာ တည်ဆောက်ရေး လုပ်ငန်းအားလုံးနှင့်သက်ဆိုင်သည့်ကဏ္ဍကို ဆိုသည်။ ယင်းစကားရပ်တွင် နည်းပညာ၊ စီမံခန့်ခွဲမှု၊

စာမျက်နှာ ၁၈ ကော်လံ ၁

မန္တလေးတိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအဆင့် (ကျောင်းတွင်းစစ်) နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်းစာမေးပွဲကို ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆို

မန္တလေး ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်တို့အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအဆင့် (ကျောင်းတွင်းစစ်) နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်းစာမေးပွဲကျင်းပနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုရာတွင် အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ မဟာအောင်မြေခရိုင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းများသို့ ရောက်ရှိပြီး အတန်းအလိုက် ကျောင်းသား၊ကျောင်းသူများ အေးချမ်းစွာ စာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုကာ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း

စာမျက်နှာ ၁၆ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်
အယ်ဒီတာ့အာဘော်

နိုင်ငံ့စေတနာနားလည်ပြီး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ရေး

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများသည် နှစ်ပေါင်း ၇၀ ကျော်ကြာသည်ထိ ဖြစ်ပေါ်လျက်ရှိသည်။ လက်ရှိကာလတွင်လည်း အကြမ်းဖက်အဖွဲ့များကြောင့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုအမြောက်အမြားဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ ယာယီစိုးမိုးထားသည့်နေရာများကို တစ်ခုပြီးတစ်ခုပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး မြို့ရွာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို အပြည့်အဝထိန်းချုပ်ကာ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသခံပြည်သူများက တပ်မတော်ကို စိတ်အားထက်သန်စွာ တစ်ခဲနက် ကြိုဆိုထောက်ခံမှုများနှင့်အတူ ယုံကြည်စိတ်ချအားကိုးမှုများရှိလာကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။

ပြည်သူထောက်ခံမှုမရရှိတော့သည့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြခြင်း၊ နိုင်ငံတော်၏ဖိတ်ခေါ်မှုကို ယုံကြည်လက်ခံလာကြခြင်း၊ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့မှုအပေါ် စိတ်ပျက်နောင်တရမှုများဖြစ်လာခြင်း၊ တပ်မတော်၏ တိုက်ခိုက်ရှင်းလင်းမှုများကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းနှင့်အတူ ၎င်းတို့အဖွဲ့များအတွင်း အနိုင်ကျင့်ဗိုလ်ကျမှုများနှင့် ဆင်းရဲဒုက္ခများ၊ နိုင်ငံတော်နှင့် ပြည်သူများအား ဒုက္ခပေးမှုများကို လက်ခံနိုင်ခြင်းမရှိတော့သဖြင့် ဥပဒေဘောင်အတွင်းသို့ အသီးသီး ဝင်ရောက်လာကြသည်ကိုလဲ ခပ်စိပ်စိပ်တွေ့မြင်နေရပြီဖြစ်သည်။

လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများသည် ယခင်ကလည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်သူများရှိခဲ့သည်။ ယခုထပ်မံ၍ ဇန်နဝါရီ ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ PDF အမည်ခံအဖွဲ့ဝင်အမျိုးသား ၁၄၁ ဦး၊ အမျိုးသမီးရှစ်ဦး စုစုပေါင်း ၁၄၉ ဦးတို့သည်လည်းကောင်း၊ ဖေဖော်ဝါရီ ၂ ရက်တွင် KNDF အဖွဲ့မှ အမျိုးသားသုံးဦး၊ အင်းလေး PDF အဖွဲ့မှ အမျိုးသားတစ်ဦး၊ ရှမ်း(တောင်) PDF အဖွဲ့မှ အမျိုးသားနှစ်ဦး၊ DPLA အဖွဲ့မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီးခြောက်ဦး၊ စုစုပေါင်း အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီးခြောက်ဦးတို့သည်လည်းကောင်း လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့် တပ်မတော်က နိုင်ငံသားများအပေါ်ထားရှိသည့် စေတနာကို နားလည်ပြီး ဥပဒေဘောင်အတွင်း နေထိုင်ခြင်းသည် ဘေးကင်းရန်ကာ စိတ်ချမ်းသာစေမည်ဖြစ်သောကြောင့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများသည် ဥပဒေဘောင်အတွင်းသို့အမြန်ဆုံး ပြန်လည်ဝင်ရောက်ကြ၍ နိုင်ငံနှင့်ပြည်သူအပေါ် နိုင်ငံသားတာဝန်ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ကြပါရန် ဖိတ်ခေါ်ရေးသားလိုက်ရပေသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၆၅၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မုံရွာ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၆၅၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ကုလားပဲ ဧက ၁၇၇၉၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၅၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ကုလားပဲ ဧက ၁၇၇၉၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၆၅၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ကုလားပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ကုလားပဲစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈)နှင့်ရေဆင်း(၁၁) မျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကကတစ်ငါးပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် ဖေဖော်ဝါရီ ၄

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကကတစ်ငါးပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကကတစ်ငါးပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ကကတစ်ငါးပိသာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''မအူပင်မြို့နယ်ကနေ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ကကတစ်ငါးပိသာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့တင်ပို့အားတက်ခဲ့တာပါ။ ကကတစ်ငါးတွေ တင်ပို့အားတက်တော့ ရေလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလာပါတယ်''ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကကတစ်ငါးတစ်ပိသာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသမှ ကကတစ်ငါးအပါအဝင် ရေထွက်ကုန်များ အများအပြား တင်ပို့ရောင်းချနေရခြင်းကြောင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်ရရှိကာ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

တံတားဦးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

တံတားဦး ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ဘလဲ့ဘကျေးရွာနှင့် စစ်ကိုင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ အဆိုပါ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်း ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၈ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၂၂ ဒသမ ၀၅ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၉ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၉၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်း ထုတ်ချေးငေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

မြို့သစ်မြို့နယ် ငကျောင့်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မြို့သစ် ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငကျောင့်ကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါကျေးရွာ စုရုပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ မြို့သစ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသူအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်း တာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရန်အချက်များ၊ အတိုးအရင်း ပေးဆပ်ရန် ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈၈ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငကျောင့်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို ရန်ပုံငွေကျပ် ၃၈၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အထွေး**

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဧရိယာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့နယ် မှန်တန်းတိုးချဲ့(၁) သဇင်လမ်းနေ မောင်မြသန်းဌေး မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၁၄၃၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မုံရွာ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၁၄၃၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၄၄၃၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ယင်းမာပင်မြို့နယ်တွင် ၈၆၅ ဧက၊ ကနီမြို့နယ်တွင် ၁၃၁၁၅ ဧက စုစုပေါင်း ဧက ၁၄၃၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ပဲကြီး ၁၄၄၃၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

မလှိုင်မြို့နယ် ဆည်တောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘွတ်ကုန်းကျေးရွာအုပ်စု ဆည်တောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဆည်တောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၄၀ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆည်တောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၁၇ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၂ ဦးကို ငွေကျပ် ၁၉ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို ငွေကျပ် ၄၀ ဒသမ ၉ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧ၁၃၂ ဧက စိုက်ပျိုးမည်

ပုသိမ် ဖေဖော်ဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧ၁၃၂ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧ၁၃၂ ဧကကို ယခုနှစ် ဖေဖော်ဝါရီလဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ နွေစပါး ဧက ၈၀၀၀ ကျော် လျာထားစိုက်ပျိုးသွားပါမယ်။ နွေစပါးတွေ လျာထားဧကအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နွေစပါးတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းတွေကို စပါးတွေ မစိုက်မီအချိန်ကတည်းက ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးများအခက်အခဲမရှိစနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများ အထွက်နှုန်းကောင်းစေရေး၊ အရည်အသွေးကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



တံတားဦးမဂ်လာစေတီတော်ဘွဲ့မော်ကွန်းပြဿနာ

ပိုလ်ရှိတ်(ရတနာပူရ)

မဂ်လာစေတီတော်သည် ထင်ရှားသောရှင်ဘုရင်တစ်ပါးဖြစ်သည့် ဒုတိယမင်းခေါင်တည်ခဲ့ခြင်းကြောင့် သိသူများထင်ရှားလှသည်။ သိသူများထင်ရှားလှသော စေတီတစ်ဆူဖြစ်ခြင်းကြောင့် စာဆိုတော်ကြီးများသည် မဂ်လာစေတီတော်ဘွဲ့ကဗျာများ၊ ရေးသားခဲ့ကြသည်ကို တွေ့ရသည်။ မြန်မာကဗျာကို ရေးဖွဲ့ကြရာတွင် ရေးဖွဲ့ပုံစနစ်အမျိုးမျိုးရှိသည်။ စာဆိုတော်ကြီးများသည် မဂ်လာစေတီတော်ဘွဲ့ကဗျာများ မိမိတို့နှစ်သက်သည့် ရေးဖွဲ့ပုံစနစ်ဖြင့် ရေးဖွဲ့ခဲ့ကြသည်ကိုတွေ့ရသည်။ တွေ့ရသမျှ မဂ်လာစေတီဘွဲ့ကဗျာပုံစံတို့မှာ-

၁။ မော်ကွန်း

၂။ ၈၀ ပေါ်တေးထပ်

၃။ လေးချိုးကြီးတို့ဖြစ်သည်။

မဂ်လာစေတီတော်အကြောင်း ရေးဖွဲ့မှတ်တမ်းတင်ခဲ့ကြသော စာဆိုလေးဦးတွေ့ရသည်။ ၎င်းတို့မှာ-

၁။ ရှင်မဟာသီလဝံသ

၂။ ရှင်မဟာရဋ္ဌသာရ

၃။ ညောင်ပင်သာဦးပုည

၄။ သခင်ကိုယ်တော်မှိုင်းတို့ဖြစ်သည်။ ထိုလေးဦးအပြင် စာဆိုအမည်မသိရသော မဂ်လာစေတီတော်ဘွဲ့ ၈၀ ပေါ်တေးထပ်နှစ်ပုဒ်ကိုလည်း တွေ့ရသည်။ ထိုတေးထပ်နှစ်ပုဒ်မှာ "ဝေမြင့်ရေတွင် မြေပြင်တင့်" အစချီသောတေးထပ်နှင့် "လောကာကောလာသြဘာမြွှင့်"အစချီသောတေးထပ်တို့ဖြစ်သည်။ ထိုတေးထပ်နှစ်ပုဒ်မှာ ကိုလိုနီခေတ်တွင် ရေးစပ်ခဲ့သည်ဟုထင်သည်။ တွေ့ရှိရသမျှ မဂ်လာစေတီတော်ဘွဲ့စာများမှာ-

၁။ တန်တားဦးတည်မဂ်လာစေတီတော်မော်ကွန်း (ရှင်မဟာရဋ္ဌသာရ)

၂။ တန်တားဦးတည်မဂ်လာစေတီတော်မော်ကွန်း (ရှင်မဟာသီလဝံသ)

၃။ မဂ်လာစေတီဘုရားသမိုင်းဘွဲ့ ၈၀ ပေါ်တေးထပ် (ညောင်ပင်သာဦးပုည)

၄။ "ဝေမင်ရေတွင် မြေပြင်တင့်" အစချီ ၈၀ ပေါ်တေးထပ် (အမည်မသိ)

၅။ "လောကာကောလာသြဘာမြွှင့်" အစချီ ၈၀ ပေါ်တေးထပ် (အမည်မသိ)

၆။ မဂ်လာစေတီဘုရားတိုင်ကဗျာရစနာလေးချိုးကြီး သခင်ကိုယ်တော်မှိုင်းတို့ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သော မဂ်လာစေတီတော်ဘွဲ့ကဗျာများသည် မဂ်လာစေတီတော်တစ်ဆူတည်းအကြောင်းကို သီးခြားဖွဲ့ဆိုထားသော စာပေများဖြစ်ကြသည်။ မဂ်လာစေတီတော်အကြောင်းကို ထိုကဲ့သို့ သီးခြားရေးဖွဲ့ခြင်းမဟုတ်ဘဲ အခြားစာများရေးဖွဲ့ရာတွင် မဂ်လာစေတီတော်အကြောင်းကို အလျဉ်းသင့်သလို ထည့်သွင်းရေးဖွဲ့သည့်စာများလည်းရှိသည်။ စလေဦးပုည၏ "မောင်ကင်းပေးမေတ္တာ" တွင် "တံတားဦးငါးရွာ၊ မဂ်လာစေတီပွဲ၊ ပေါင်းလဲကြီး တောင်တော်၊ ကောင်းမှုတော်နှစ်စဉ်၊ တိုင်ပင်စုရုံး၍" စသည်ဖြင့်တွေ့ရမည်ဖြစ်သည်။ ဦးပုညကဲ့သို့ပင် အခြားသောစာဆိုတို့၏ စာပေများတွင်လည်း အလျဉ်းသင့်သလိုရေးဖွဲ့ခဲ့သည့် မဂ်လာစေတီတော်ဘွဲ့များကိုတွေ့နိုင်သည်။

ရှင်မဟာရဋ္ဌသာရ၏ မဂ်လာစေတီတော်မော်ကွန်း

မဂ်လာစေတီတော်ဘွဲ့ကဗျာကို အစောဆုံးရေးဖွဲ့ခဲ့သူမှာ ရှင်မဟာရဋ္ဌသာရဖြစ်သည်။ ရှင်မဟာရဋ္ဌသာရရေးဖွဲ့ခဲ့သော အစောဆုံးမဂ်လာစေတီတော်ဘွဲ့ကဗျာမှာ "သုံးဆယ့်နှစ်ပါးထင်ရှားလက္ခဏာ"ချီတံတားဦးတည် မဂ်လာစေတီတော်မော်ကွန်းဖြစ်သည်။ ရှင်မဟာရဋ္ဌသာရသည် တံတားဦးတည် မဂ်လာစေတီတော်မော်ကွန်းကို မည်သည့်ခုနှစ်တွင် ရေးသားထားခဲ့သည်ကို မသိရပေ။ သို့သော် တချို့က ၈၅၈ ခုနှစ် နယုန်လပြည့်နေ့ (၁၄၉၆ ခုနှစ် မေ ၂၆) ရက် ဓာတ်တော်ဌာပနာပိတ်ပွဲအပြီးတွင် တံတားဦးတည် မဂ်လာစေတီတော်မော်ကွန်းကို ရေးသားပြုစုခဲ့သည်ဟု အောက်ပါမော်ကွန်းပိုဒ်ရေ ၅ လာဖွဲ့ဆိုချက်ကို ကိုးကား၍ဆိုကြသည်။

"လွှဲ့ဝဲခြီးသာ၊ လင်မိုးနှစ်ပါး
နရဖျားဇ၏၊ ဘုန်းအားနှိုးဆော်
နက်များဖော်၍၊ ရှင်တော်မွေနှစ်
ဓာတုစစ်ကို၊ ရလစ်တုံပြီး
မြတ်စောခီးလျှင်၊ ပြည်ကြီးနိုဗ္ဗာန်
လွန်သည်နှစ်မှ၊ ကာလမြင့်ခေါင်
တွတ်ကျိုးဆောင်သော်၊ နှစ်ထောင်လေးဆယ်
ရောက်ကြိုက်ဝယ်တည့်၊ အလယ်ဌာပနာပြုခါမူးမူး"

ထို့ကြောင့် ရှင်မဟာရဋ္ဌသာရသည် မဂ်လာစေတီတော်မော်ကွန်းကို ၈၅၈ ခုနှစ်နယုန်လပြည့်နောက်ပိုင်းတွင် ဖွဲ့ဆိုခဲ့သည်ဟု ဆိုရန်ရှိသည်။

လင်္ကာစကားပြေနှစ်ထွေရောယှက်

ရှင်မဟာရဋ္ဌသာရသည် မဂ်လာစေတီတော်မော်ကွန်းကိုရေးဖွဲ့ရာတွင် လင်္ကာ-စကားပြေ နှစ်ထွေရောယှက်၍ ရေးဖွဲ့ထားသည်။ ထိုအကြောင်းကို ဆရာတော်ကိုယ်တိုင်ကပင် မဂ်လာစေတီတော်မော်ကွန်းပိုဒ်ရေ ၁ ၌-

"ရပ်စည်သာထူး၊ တန်တားဦးဝယ်
ကျေးဇူးများသည်၊ မင်းဖျားနတ်ကျော်
နိဗ္ဗာန်မြော်၍၊ ကျောင်းတော်ဧရာ
မဂ်လာစေတီ၊ အညီတည်ပြီး
လှူဖြန့်ချီးသား၊ ပွဲကြီးထောမနာ
သံဝိုင်းစာကို၊ လင်္ကာစကားပြေ
နှစ်ထွေရောပြွမ်း၊ ချီးမွမ်းပျူငှာ
ဟုတ်တိုင်းသာလျှင်"ဟူ၍ ရေးဖွဲ့ထားခဲ့သည်။

ရှင်မဟာရဋ္ဌသာရသည် မဂ်လာစေတီတော်မော်ကွန်းကို ရေးဖွဲ့ရာတွင် ခက်ခဲနက်နဲသော၊ အသိခက်သောစကားလုံးများကိုမသုံးဘဲ သိလွယ်၊ နားလည်လွယ်သော စကားလုံးများသုံး၍ ရေးဖွဲ့ထား၏။ ထိုကဲ့သို့ အများနားလည်လွယ်သော စကားလုံးများကိုသုံး၍ ရေးဖွဲ့ထားသဖြင့် ရှင်မဟာရဋ္ဌသာရ၏ အရေးအသားအဖွဲ့အနွဲ့သည် ပြည်သူလူထုကြားသို့ ရောက်ရှိနေခြင်းဖြစ်သည်။

မော်ကွန်းတွင် ရေးဖွဲ့ထားသော အကြောင်းများ

ရှင်မဟာရဋ္ဌသာရသည် မဂ်လာစေတီတော်မော်ကွန်းကို ပိုဒ်ရေ ၄၈ ပိုဒ်ဖြင့် အပြီးဖွဲ့ဆိုထားသည်။ မော်ကွန်းကိုနယုန်လပြည့်နေ့ ဓာတ်တော်ဌာပနာတိုက်ပိတ်သိမ်းသည့်အခန်းတွင် အဆုံးသတ်ထားသည်။ မဂ်လာစေတီတော်နှင့်ပတ်သက်၍ ရာဇဝင်ကြီးများ၌ မပါသည့် သမိုင်းအချက်အလက်များကို တွေ့ရသည်။ မော်ကွန်းပိုဒ်ရေ ၄၈ ပိုဒ်တွင် ထည့်သွင်းရေးဖွဲ့ခဲ့သော အကြောင်းအရာများမှာ ဤသို့ဖြစ်၏။

အပိုဒ် ၁ ။ ။ ရတနာသုံးပါးကိုရိုခိုးပြီး ဒုတိယမင်းခေါင်နှင့် သားတော်မင်းပြိုင် ဘုရင်တို့၏အလှူကို နောင်လာနောက်သားတို့ နည်းယူကြစေရန် ရည်ရွယ်၍ ရေးဖွဲ့ရခြင်းဖြစ်ကြောင်း ဖွဲ့ဆိုသည်။

အပိုဒ် ၂ ။ ။ (က) ဒုတိယမင်းခေါင်သည် မင်းမြစ်၊ မင်းသွေး၊ မင်းရင်သွေး ပတ္တမြားရတနာ၊ သူဌေး ရတနာတို့၏ ဂုဏ်များကို ဖွဲ့ဆိုသည်။

(ည) ဒုတိယမင်းခေါင်သည် ဣန္ဒိလေးပါးနှင့် ပြည့်စုံပုံ၊ ကုသိုလ်ဆည်းပူးပုံများကို ဖွဲ့ဆိုသည်။

အပိုဒ် ၃ ။ ။ တံတားဦးတွင် မဂ်လာစေတီမတည်မီ ကျောင်းတော်ကြီးတည်ဆောက်ပုံကို ဖွဲ့ဆိုသည်။

အပိုဒ် ၄ ။ ။ ဓာတ်တော်စစ်ရရန်ရှာနေရသောကြောင့် ကြန့်ကြာနေကြောင်းကို ဖွဲ့ဆိုပြီး မော်ကွန်းပထမပိုင်းကို အဆုံးသတ်ထားသည်။

အပိုဒ် ၅ မှ ၁၂ ။ ဓာတ်တော်ပို့ဆောင်ရန် အခမ်းအနားပြင်ဆင်ပုံ၊ ခမ်းနားကြီးကျယ်စွာ ဓာတ်တော်ပို့ပုံကို ဖွဲ့ဆိုပြီး ဒုတိယပိုင်းကို အဆုံးသတ်သည်။

အပိုဒ် ၁၃ မှ ၂၈ ။ ဌာပနာပွဲကြီးကျင်းပပုံကို ဖွဲ့ဆိုပြီး တတိယပိုင်းကို အဆုံးသတ်သည်။

အပိုဒ် ၂၇ မှ ၃၈ ။ လှူဒါန်းသည့် ပစ္စည်းစာရင်းများကိုဖွဲ့ဆိုပြီး စတုတ္ထပိုင်းကို အဆုံးသတ်သည်။

အပိုဒ် ၃၉ မှ ၄၈ ။ ဌာပနာခန်းကို အသေးစိတ်ပါဝင်အောင်စုရုံးဖွဲ့ဆိုပြီး မော်ကွန်းကို အဆုံးသတ်ထားသည်။

အချုပ်ဆိုရလျှင် ရှင်မဟာရဋ္ဌသာရရေးဖွဲ့ခဲ့သော မဂ်လာစေတီတော်မော်ကွန်းသည် ရာဇဝင်ကြီးများ၌ မပါဝင်သည့်သမိုင်းအချက်အလက်များကို ထည့်သွင်းရေးဖွဲ့ထားသောကြောင့် သမိုင်းတန်ဖိုးကြီးလှသော မော်ကွန်းတစ်စောင်ဟုဆိုနိုင်သည်။ မဂ်လာစေတီတော်သမိုင်းအတွက် တန်ဖိုးအကြီးဆုံး မော်ကွန်းတစ်စောင်ဖြစ်ပေသည်။

ရှင်မဟာရဋ္ဌသာရနှင့် မော်ကွန်းတစ်စောင်ပြဿနာ

ပုဂံဝန်ထောက်မင်းဦးတင်ပြုစုသော ကဗျာဗန္ဓသာရကျမ်းတွင် ရှင်မဟာရဋ္ဌသာရသည် "သုံးဆယ့်နှစ်ပါး"ချီ မဂ်လာစေတီတော်မော်ကွန်းအပြင် "ကြားပိမ့်နတ်ရှင်" ချီ မဂ်လာစေတီတော်မော်ကွန်းတစ်စောင်ကိုလည်း ရေးသားကြောင်း ဖော်ပြထားသည်။ ထိုမော်ကွန်းရေးသားခဲ့သည့် အချိန်အခါကိုလည်း ပုဂံဝန်ထောက်မင်းဦးတင်က အောက်ပါအတိုင်း အောက်ခြေမှတ်ချက်ပြဆိုထားသည်။

"၎င်းမော်ကွန်း (ကြားပိမ့်နတ်ရှင်ချီမော်ကွန်းကို ဆိုခြင်းဖြစ်သည်) သာသနာချီအပုဒ်တွင် "သာသနာတော်၊ နှစ်ထောင်ကျော်၍၊ စွန်းပေါ် ရှစ်ဆဲ့လေး၊ မှတ်ရေးတဆစ်၊ သက္ကရာဇ်ဒီဃ၊ ဒွေးဇယဟု၊ အဋ္ဌအခါဟူ၍ပါသည်။ ဤစကားအရ ရှင်ရဋ္ဌသာရအသက် ၁၂ နှစ်တွင် ဤမော်ကွန်းကိုဆိုသည့်အရာသိသာသည်။" အထက်ပါအဆိုအဓိပ္ပါယ်အရ ရှင်မဟာရဋ္ဌသာရသည် မဂ်လာစေတီတော်မော်ကွန်းကို နှစ်စောင်ရေးသွားခဲ့သည်ဟုဆိုရန်ရှိသည်။ သို့သော် ထိုအဆိုနှင့်စပ်လျဉ်း၍ ပညာရှင်များကြား အယူအဆကွဲလွဲမှုများဖြစ်ပေါ်လာသည်။ "သုံးဆယ့်နှစ်ပါး"ချီ မဂ်လာစေတီတော်မော်ကွန်းသာ ရှင်မဟာရဋ္ဌသာရရေးခဲ့ပြီး "ကြားပိမ့်နတ်ရှင်" ချီ မဂ်လာစေတီတော်မော်ကွန်းမှာ မဂ်လာစေတီတော်မော်ကွန်းမဟုတ်၊ ပြည်ရန်နိုင်မှူးဘွဲ့မော်ကွန်းသာဖြစ်ပြီး ရှင်မဟာရဋ္ဌသာရရေးခဲ့ခြင်းမဟုတ်ကြောင်း၊ ရှင်မဟာရဋ္ဌသာရ ၁၂ နှစ်သားအရွယ်သည် ၈၄၂ ခုနှစ်ဖြစ်သောကြောင့် မဂ်လာစေတီတော်တည်နှစ်၌ပင် မဂ်လာစေတီတော်မော်ကွန်းကို ရေးဖွဲ့ခြင်းမှာ မဖြစ်နိုင်ကြောင်း စသည့်ပြဿနာများဖြစ်ပေါ်လာပါသည်။

❖ မဂ်လာစေတီတော်ဘွဲ့ကဗျာများသည် မဂ်လာစေတီတော်တစ်ဆူတည်းအကြောင်းကို သီးခြားဖွဲ့ဆိုထားသော စာပေများဖြစ်ကြသည်။ မဂ်လာစေတီတော်အကြောင်းကို ထိုကဲ့သို့ သီးခြားရေးဖွဲ့ခြင်းမဟုတ်ဘဲ အခြားစာများရေးဖွဲ့ရာတွင် မဂ်လာစေတီတော်အကြောင်းကို အလျဉ်းသင့်သလို ထည့်သွင်းရေးဖွဲ့သည့်စာများလည်းရှိသည်။ စလေဦးပုည၏ "မောင်ကင်းပေးမေတ္တာ" တွင် "တံတားဦးငါးရွာ၊ မဂ်လာစေတီပွဲ၊ ပေါင်းလဲကြီး တောင်တော်၊ ကောင်းမှုတော်နှစ်စဉ်၊ တိုင်ပင်စုရုံး၍" စသည်ဖြင့်တွေ့ရမည်ဖြစ်သည်။ ဦးပုညကဲ့သို့ပင် အခြားသောစာဆိုတို့၏ စာပေများတွင်လည်း အလျဉ်းသင့်သလိုရေးဖွဲ့ခဲ့သည့် မဂ်လာစေတီတော်ဘွဲ့များကိုတွေ့နိုင်သည်။ ❖

စာမျက်နှာ ၅ သို့ á

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်နှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၉၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကသာ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၉၂၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၂၀၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကသာမြို့နယ်တွင် ၅၀၇ ဧက၊ အင်းတော်မြို့နယ်တွင် ၄၀၇ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၅၁၁ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၄၉၅ ဧက စုစုပေါင်းဧက ၁၉၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်းဧက ၂၀၀၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၁၉၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၅၀၇ ဧက၊ အင်းတော်မြို့နယ်တွင် ၄၀၇ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၅၁၁ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၄၉၅ ဧက စုစုပေါင်းဧက ၂၀၀၀ ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

ပြုံးနိုင်ပါစေ

- ငါ ဝမ်းနည်းရာ
သောကဖြာလည်း
မင်းဟာ ဟားတိုက်
လျောင်ရယ်လိုက်သေး
ပူဆွေးခြင်းမှာ မင်းမပါ။

- ငါ ခံစားရာ
မောဟဖြာလည်း
မင်းဟာ တွေးပြန်
အမြတ်ကျန်ဖို့
ဘေးရန်မျှော်ကိုး မီးစပျိုး
သယ်ပိုးခြင်းမှာ မင်းမပါ။

- ဩော် . . .
လူအချင်းချင်း မေတ္တာကင်းလို့
အဆင်းမဖြူ ညစ်ထေးမူနှင့်
ဘေးလူဒုက္ခ အခက်ပြလည်း
ဖေးမ,မကူ နှစ်ခြိုက်သူရေ
ကံတူကျိုးပေး ပူဘေးကြဲသော်
မဖြုံမမှု ပြုံးတစ်ခုကို
မင်းပြုနိုင်လား ကြည့်ချင်သား။ ။

ဗေဒါမောင်(ပညာရေး)

မိုင်းဖြတ်မြို့နယ် နမ့်လန်းကျေးရွာ၌ ခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း စစ်ဆေး

မိုင်းဖြတ် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့ပြနှင့်ကျေးလက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးကွာဟမှုကျဉ်းမြောင်းစေရန် ရည်ရွယ်၍ ပြည်ထောင်စု အထွေထွေပို့လျှံရန်ပုံငွေဖြင့် နမ့်လန်းကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ နမ့်လန်းကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ နမ့်လန်းကျေးရွာ၌ အလျား ပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေ ရှိ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုအထွေထွေပို့လျှံရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

ဇင်မာ

á စာမျက်နှာ ၄ မှအဆက်

သို့ဖြစ်သောကြောင့် "ကြားပိမ့်နတ်ရှင်" ချီမော်ကွန်းသည် မင်္ဂလာစေတီတော်မော်ကွန်းဟုတ်၊ မဟုတ်နှင့် ထိုမော်ကွန်းကို ရှင်မဟာရဋ္ဌသာရရေးဟုတ်၊ မဟုတ်ကို စိစစ်တင်ပြပါမည်။ အရင်ဦးဆုံး ထိုမော်ကွန်းနှင့် စပ်လျဉ်း၍ ပညာရှင်များ၏အမြင်ကို ဖော်ပြပါမည်။

မြန်မာစာပေသမိုင်း

ပါမောက္ခဦးဖေမောင်တင်ရေးသားပြုစုသော မြန်မာစာပေသမိုင်း စာမျက်နှာ ၅၈–၅၉လည်း တန်တားဦးတည်မော်ကွန်းအကြောင်းနှင့်စပ်လျဉ်း၍ ဤသို့မှတ်ချက်ရေးသားထားသည်ကို တွေ့ရှိရပေသည်။

"ဤနေရာ၌ စဉ်းစားဘွယ်ရာများစွာရှိသည်၊ အချို့ဆရာများက ရှင်ရဋ္ဌသာရသည် ဤတန်တားဦးတည်မော်ကွန်းကို အသက် ၁၂ နှစ်အရွယ် သက္ကရာဇ် ၈၄၂ ခုနှစ်တွင် ရေးသားပြုစုသည်ဟုဆိုကြသည်။ ထိုအဆိုသည် ခိုင်လုံသောအဆိုမဟုတ်၊ အကြောင်းမူကား အခြားပျို့မော်ကွန်းနိဂုံးများတွင် အသက် ၁၂ နှစ်အရွယ်က တန်တားဦးတည်မော်ကွန်းစပ်ဖွဲ့ခဲ့ကြောင်း မဖော်ပြသောကြောင့်တည်း။

ဤမျှမကသေး–တန်တားဦး–မင်္ဂလာစေတီကို ဒုတိယမင်းခေါင်သည် သက္ကရာဇ် ၈၄၂ ခုနှစ်တွင် တည်သည်ဟူ၍ ရာဇဝင်ကျမ်းများတွင်လာရှိသောကြောင့် ထိုဘုရားတည်သည့်နှစ်တွင်ပင် စာဆိုပုဂ္ဂိုလ်သည် မော်ကွန်းကို ရေးသားရာသည်ဟုကြံဆပြီးလျှင် သက္ကရာဇ် ၈၄၂ ခုနှစ်တွင် တန်တားဦးတည်မော်ကွန်းကို စပ်သည်ဟူ၍ဆိုကြကုန်၏။ စင်စစ်အားဖြင့် ဒုတိယမင်းခေါင်သည် မင်္ဂလာစေတီကို သက္ကရာဇ် ၈၄၂ ခုနှစ်တွင်တည်သော်လည်း ဌာပနာများမရရှိသောကြောင့် ဘုရားကို ပြီးအောင်မတည်ရသေးဘဲ တစ်ပိုင်းတစ်စ ကျန်ရှိနေသည်တွင် သက္ကရာဇ် ၈၅၈ ခုနှစ်ရောက်မှ ဌာပနာများ၍ ပြီးဆုံးအောင်တည်ရကြောင်းကို ရာဇဝင်များတွင် ဖတ်ရှုသင့်သည်။

ထို့ကြောင့် တန်တားဦးတည်မော်ကွန်းကိုသည်း ၈၅၈ ခုနှစ်၌ပင် စီရင်ရေးသားမည်ဖြစ်ကြောင်း ယုံမှားဘွယ်မရှိ။ ထို့ပြင် တစ်ရပ်လည်းသုံးဆယ့်နှစ်ပါးချီ မင်္ဂလာစေတီမော်ကွန်းပိုဒ်ရေ ၅၅ ၌ပင်– "မြတ်စောခီးလျှင်၊ ပြည်ကြီးနိဗ္ဗာန်၊ လွန်သည်နှစ်မှ၊ ကာလမြင့်ခေါင်၊ တွက်ကျိုးဆောင်သော်၊ နှစ်ထောင်လေးဆယ်၊ ရောက်ကြိုက်ဝယ်တည့်၊ အလယ်ဌာပနာ၊ ပြုခါမူးမူး"ဟူ၍ စပ်ဆိုထားသဖြင့် သက္ကရာဇ် ၈၅၈ ခုနှစ်တွင် စပ်ဆိုကြောင်း ထင်ရှားသည်။ ပုဂံ ဝန်ထောက်မင်း ဦးတင်ကမူ ရှင်မဟာရဋ္ဌသာရစပ်ဆိုသော တန်တားဦးတည်မော်ကွန်းသည် တစ်စောင်တည်းမဟုတ်၊ နှစ်စောင်ဖြစ်ကြောင်း၊ ထိုမော်ကွန်းတို့သည် ၁၂ နှစ်အရွယ်တွင် စပ်ဆိုသော "ကြားပိမ့်နတ်ရှင်" ချီမော်ကွန်းနှင့် ၂၈ နှစ်အရွယ်တွင် စပ်ဆိုသော "သုံးဆယ့်နှစ်ပါး"ချီ မော်ကွန်းများဖြစ်ကြောင်း။ ၁၂ နှစ်အရွယ်က စပ်ဆိုသော မော်ကွန်းမှ ကောက်နုတ်ချက်ဟူ၍ စာပိုဒ်တစ်ပိုဒ်ကိုလည်း ကဗျာဗန္ဓသာရကျမ်းတွင် ပြဆိုထားသေးသည်။ သို့သော် ဦးတင်၏အဆိုလည်း ခိုင်လုံစွာတစ်စောင်လုံး မဖော်ပြနိုင်သောကြောင့် အတည်မပြုထိုက်သေးပေ။"

ဆက်လက်ဖော်ပြပါမည်။

နိုင်ငံတကာ သတင်းများ

အမေရိကန်ထုတ်ကုန်များ ပိုမိုဝယ်ယူတင်သွင်းရန် လိုလားကြောင်း ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီး ပြောကြား

ဟနွိုင်း ဖေဖော်ဝါရီ ၄

အမေရိကန်ထုတ်ကုန်များ အထူးသဖြင့် စက်ယန္တရားများနှင့် အဆင့်မြင့် နည်းပညာထုတ်ကုန်များကို ပိုမိုဝယ်ယူရန် လိုလားကြောင်း ဗီယက်နမ်အစိုးရ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်စွမ်းအင်နှင့် နည်းပညာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံချိန်တွင် ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီး လီမင်ဟန်းက အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီး လီမင်ဟန်းနှင့် တွေ့ဆုံခဲ့ကြသည့် အမေရိကန် စီးပွားရေးလုပ်ငန်းအကြီးအကဲများထဲတွင် အက်ပဲလ်ကုမ္ပဏီနှင့် အေအီးအက်စ်ကုမ္ပဏီတို့မှ အမှုဆောင်အရာရှိချုပ်များလည်း ပါဝင်ကြောင်း သိရသည်။

ဗီယက်နမ်နှင့် အမေရိကန်တို့သည် ဆင္ဒမခြောက် ကုန်သွယ်ခွန် မူဝါဒများဆိုင်ရာဆွေးနွေးပွဲကို ယခုရက်သတ္တပတ်အတွင်း ဝါရှင်တန်မြို့၌ကျင်းပရန် စီစဉ်ထားသည်။

အမေရိကန်နိုင်ငံသည် ဗီယက်နမ်ထုတ်ကုန်အများစုကို အခွန် ၂၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ထားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံက ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်နိုင်ငံသို့ တင်ပို့ခဲ့သည့်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၃ ဘီလီယံထိရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

အာရေဗီယန်ပင်လယ်၌ အီရန်မောင်းသူမဲ့ ဒရုန်းယာဉ်တစ်စင်းကို အမေရိကန်တပ်မတော်ပစ်ချ

ဝါရှင်တန် ဖေဖော်ဝါရီ ၄

အာရေဗီယန်ပင်လယ်ရေပြင်အတွင်းရောက်ရှိနေသော ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောအနီး ချဉ်းကပ်လာသော အီရန်မောင်းသူမဲ့ ဒရုန်းယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၃ ရက်တွင် ပစ်ချခဲ့ကြောင်း အမေရိကန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူအက်စ်အက်စ်အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောအနီး ချဉ်းကပ်လာသည့် ရှာဟက်ဒ်-၁၃၉ အီရန်မောင်းသူမဲ့ ဒရုန်းယာဉ်ကိုအမေရိကန်လေတပ်အက်ဖ်-၃၅ စီ တိုက်လေယာဉ်က ပစ်ချခဲ့ကြောင်း အမေရိကန်တပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လေယာဉ်တင်သင်္ဘောနှင့်လိုက်ပါလာသည့် တပ်ဖွဲ့ဝင်များ လုံခြုံရေးအတွက် ကြိုတင်ကာကွယ်မှုယူသည့်အနေဖြင့် အဆိုပါအီရန်မောင်းသူမဲ့ဒရုန်းယာဉ်ကို ပစ်ချခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

အမေရိကန်နိုင်ငံနှင့် အီရန်နိုင်ငံတို့အကြား နျူကလီးယားဆွေးနွေးပွဲများ ဖြစ်မြောက်ရေးအတွက် သံတမန်ရေးအရကြိုးပမ်းနေရချိန်တွင် အီရန်မောင်းသူမဲ့ဒရုန်းယာဉ်ကို အမေရိကန်တပ်မတော်က ပစ်ချခဲ့ခြင်းဖြစ်သည်။

မောင်းသူမဲ့ဒရုန်းယာဉ်ပစ်ချခံခဲ့ရမှုနှင့်ပတ်သက်၍ အီရန်အစိုးရက တစ်စုံတစ်ရာထုတ်ဖော်ပြောကြားမှုမရှိသေးသော်လည်း အာရေဗီယန်ပင်လယ် နိုင်ငံတကာရေပြင်အတွင်း မောင်းသူမဲ့ဒရုန်းယာဉ်တစ်စင်းနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သည်ဟု အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ရုရှားသမ္မတနှင့် ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသားတို့ ဖုန်းခေါ်ဆိုဆွေးနွေး

မော်စကို ဖေဖော်ဝါရီ ၄

ရုရှားသမ္မတပူတင်နှင့် ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား မိုဟာမ်မက်ဘင်ဆယ်လ်မန်တို့သည် ဖေဖော်ဝါရီ ၃ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ဆော်ဒီနှင့်ရုရှားနှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သမ္မတပူတင်နှင့် အိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်တို့က သဘောတူခဲ့ကြကြောင်း ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထို့ပြင် ရုရှားသမ္မတ ပူတင်နှင့် ဆော်ဒီအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်တို့သည် ရေနံထုတ်လုပ်တင်ပို့သူနိုင်ငံများအသင်း(အိုပက်) နှင့် မိတ်ဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရုရှားနှင့် ဆော်ဒီအာရေဗျသံတမန်ဆက်ဆံရေး စတင်တည်ဆောက်မှု နှစ် ၁၀၀ ပြည့်မတိုင်မီ ရုရှားသမ္မတပူတင်နှင့် ဆော်ဒီအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်တို့က ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားနှင့် ဆော်ဒီအာရေဗျတို့အကြား သံတမန်ဆက်ဆံရေး သက်တမ်းမှာ လာမည့်ဖေဖော်ဝါရီ ၁၉ ရက်တွင် နှစ် ၁၀၀ ပြည့်မည်ဖြစ်ပြီး ရုရှားနိုင်ငံသည် အစဉ်အလာအရ ဆော်ဒီအာရေဗျနိုင်ငံနှင့် ခိုင်မာသည့်ဆက်ဆံရေးရှိထားသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

အမေရိကန်နှင့် အီရန် နျူကလီးယားဆွေးနွေးပွဲ ဖေဖော်ဝါရီ ၆ ရက်တွင် အိုမန်၌ကျင်းပနိုင်

နယူးယောက် ဖေဖော်ဝါရီ ၄

အမေရိကန်နိုင်ငံနှင့် အီရန်တို့အကြား နျူကလီးယားဆွေးနွေးပွဲများကို ဖေဖော်ဝါရီ ၆ ရက်တွင် အိုမန်နိုင်ငံ၌ ကျင်းပဖွယ်ရှိကြောင်း သံတမန်သတင်းအရင်းအမြစ်များက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

မူလက အီရန်နှင့် အမေရိကန်နိုင်ငံတို့အကြား နျူကလီးယားဆွေးနွေးပွဲများကို တူကီယဲနိုင်ငံအင်ကာရာမြို့၌ ကျင်းပရန်စီစဉ်ထားခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်း ဒေသ၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စစ်အင်အားတည်ဆောက်ထားမှုကြောင့် စစ်ရေးထိပ်တိုက်ရင်ဆိုင်မှုများ ပေါ်ပေါက်မည့်အလားအလာမြင့်မားနေချိန်တွင် နျူကလီးယားဆွေးနွေးပွဲများ ကျင်းပရန် အမေရိကန်နှင့် အီရန်တို့က စီစဉ်ထားခြင်းဖြစ်သည်။

နျူကလီးယားဆွေးနွေးပွဲများကို တူကီယဲနိုင်ငံ၌ ကျင်းပမည့်အစား အိုမန်နိုင်ငံ၌ကျင်းပရန် အီရန်အစိုးရက တောင်းဆိုထားရာ ထိုတောင်းဆိုချက်ကို အမေရိကန်အစိုးရက လက်ခံထားကြောင်း သံတမန်သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

အီရန်နိုင်ငံအနေဖြင့် အမေရိကန်အစိုးရနှင့် နျူကလီးယားသဘောတူညီချက်ရယူခြင်းမရှိပါက စစ်ရေးအရ တိုက်ခိုက်မှုနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က သတိပေးထားသည်။

လက်ရှိတွင် အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနက ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောဦးဆောင်သည့် ရေတပ်အုပ်စုကို အရှေ့အလယ်ပိုင်း၌ တပ်စွဲထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ရွှေ့ပြောင်းဝင်ရောက်သူများလိုက်ပါလာသည့် ရေယာဉ် ဂရိကမ်းခြေစောင့်တပ်သင်္ဘောနှင့် ဝင်တိုက်မှုဖြစ်ပွား

အေသင် ဖေဖော်ဝါရီ ၄

ဂရိနိုင်ငံ ကမ်းလွန်အေဂျီယမ်ပင်လယ်ရေပြင်အတွင်း ရွှေ့ပြောင်းဝင်ရောက်သူများ လိုက်ပါလာသည့် ရေယာဉ်တစ်စီးတို့ ဖေဖော်ဝါရီ ၃ ရက်က ဝင်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရေယာဉ်နှစ်စီးဝင်တိုက်မှုဖြစ်စဉ်အတွင်း တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၁၅ ဦးသေဆုံးခဲ့ပြီး ၂၅ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ဂရိကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။



တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများ လိုက်ပါလာသည့် ရေယာဉ်နှင့် ဂရိကမ်းခြေစောင့်တပ်သင်္ဘောတို့သည် ချီးအော့ပ်အမည်ရှိ ကျွန်းအနီး ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

သင်္ဘောချင်း ဝင်တိုက်မှုဖြစ်စဉ်အတွင်း ဂရိကမ်းခြေစောင့်တပ်မှ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရခဲ့ကြောင်း ဂရိတာဝန်ရှိသူများက ပြောကြားထားသည်။

သင်္ဘောနှစ်စီး ဝင်တိုက်ခဲ့ရသည့် နောက်ခံအကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း ဂရိကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

ဂရိကမ်းခြေစောင့်တပ်သင်္ဘောနှင့် ဝင်တိုက်ခဲ့သည့် ရေယာဉ်ပေါ်တွင် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၄၀ လိုက်ပါလာကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

SCIENCE AND TECHNOLOGY

FAST ရေဒီယိုတယ်လီစကုပ်ကိုအသုံးပြု၍ ရေဒီယိုစွမ်းအင်ပေါက်ကွဲမှု(FRB) ဖြစ်စဉ်တစ်ခု စတင်ပေါ်ထွက်ခဲ့ရာနေရာကို ရှာဖွေဖော်ထုတ်နိုင်ခဲ့

ပေကျင်း ဖေဖော်ဝါရီ ၄

တရုတ်သိပ္ပံပညာရှင်များသည် FAST ရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ ရေဒီယိုစွမ်းအင်ပေါက်ကွဲမှု(FRB)ဖြစ်စဉ်တစ်ခု စတင်ပေါ်ထွက်ခဲ့ရာနေရာကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

တရုတ်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ FRB 20190520B ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုသည် သက်တမ်းနှစ် ၈ပါးခန့်ဈာ ကြယ်ပေါက်ကွဲမှု အကြွင်းအကျန် နယ်မြေမှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

FRB 20190520 B ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုသည် အမြဲမပြတ် ပေါ်ထွက်နေသည့် ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ကြောင်း သိရသည်။

အဆိုပါရေဒီယိုစွမ်းအင်ပေါက်ကွဲမှုကို တရုတ်သိပ္ပံပညာရှင်များကပင် FAST ရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် ၂၀၁၉ ခုနှစ်တွင် ထောက်လှမ်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စကြဝဠာ၏ အပြင်းထန်ဆုံးနှင့် အဆန်းကြယ်ဆုံးဖြစ်စဉ်များထဲတွင်ပါဝင်သည့် FRB ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုကို နိုင်ငံတကာသိပ္ပံပညာရှင်များက ၂၀၀၇ ခုနှစ်တွင် ပထမဆုံးအကြိမ်ထောက်လှမ်းတွေ့ရှိခဲ့သည်။

အဆိုပါနောက်ပိုင်း ကာလအတွင်း FRB ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုများပေါ်ထွက်ရာနယ်မြေများနှင့် ရူပဗေဒယန္တရားစနစ်တို့မှာ နိုင်ငံတကာ သိပ္ပံပညာရှင်များအတွက် စူးစမ်းလေ့လာရေးနယ်ပယ်သစ်တစ်ခု ဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

C/2025 K 1 ကြယ်တံခွန်တစ်စင်း နေကိုအနီးဆုံးမှတ်မှဖြတ်သန်းပြီးနောက် တစ်စစီပြိုကွဲခဲ့မှုကို မြေပြင်အခြေစိုက်ရေဒီယိုတယ်လီစကုပ်များ မှတ်တမ်းရယူနိုင်ခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၄

C/2025 K 1 အမည်ရှိ ကြယ်တံခွန်တစ်စင်း နေကို အနီးဆုံးမှတ်မှ ဖြတ်သန်းပြီးနောက် တစ်စစီပြိုကွဲခဲ့မှုကို မြေပြင်အခြေစိုက် ရေဒီယို တယ်လီစကုပ်များက မှတ်တမ်း ရယူနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

C/2025 K 1 ကြယ်တံခွန်သည် ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၈ ရက်တွင် နေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက် နေ၏ ပြင်းထန်သောဒြပ်ဆွဲအားနှင့် နေစွမ်းအင် အမှုန်စီးကြောင်းများ၏ ဖိအားတို့ကြောင့် တစ်စစီပြိုကွဲခဲ့ရကြောင်း သိရသည်။

ထိုသို့ နေကို အနီးဆုံးမှတ်မှ ဖြတ်ကျော် ပျံသန်းခဲ့ပြီးနောက် C/2025 K 1 ကြယ်တံခွန် တစ်စစီပြိုကွဲမှုကို အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းအခြေစိုက် ကျီမီနေ့သ် ရေဒီယိုတယ်လီစကုပ်က မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

ကျီမီနေ့သ် ရေဒီယိုတယ်လီစကုပ်မှရရှိသည့် ဓာတ်ပုံအထောက်အထားများအရ နေကို အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ပြီးနောက် C/2025 K 1 ကြယ်တံခွန်၏ အတွင်းဝတ်ဆံမှာ သုံးပိုင်းကွဲထွက်သွားကြောင်း သိရသည်။

C/2025 K 1 ကြယ်တံခွန်သည် ရေခဲများ၊ ကျောက်သားအပိုင်းအစများဖြင့် ဖွဲ့စည်းထားသောဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် မေလတွင် ရှာဖွေတွေ့ရှိခဲ့သော C/2025 K 1 ကြယ်တံခွန်သည် အော့တိမ်တိုက်နယ်မြေအတွင်း ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့် နေအဖွဲ့အစည်းဝင် ကြယ်တံခွန်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၅ စင်းကို စပေ့အိတ်ကုမ္ပဏီက အောင်မြင်စွာလွှတ်တင်နိုင်ခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၄

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ဖေဖော်ဝါရီ ၃ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၅ စင်းကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်လေတပ်စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ကိုးမိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါမစ်ရှင်အောင်မြင်မှုကြောင့် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ် ဂြိုဟ်တုကွန်ရက်တွင် အင်တာနက်ဝန်ဆောင်မှုပေးနေသော ဂြိုဟ်တုပေါင်း ၉၆၅၈ စင်းထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၃ ရက်မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၄ ခုမြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

HEALTH

မျက်လုံးထဲတွေ့ရသည့် ဘက်တီးရီးယားတစ်မျိုးက တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းလာမှုနှင့် ဆက်စပ်နေ

နယူးယောက် ဖေဖော်ဝါရီ ၄

မျက်လုံးထဲတွင် တွေ့ရသည့် ဘက်တီးရီးယား တစ်မျိုးသည် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းလာမှုနှင့် ဆက်စပ်နေကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဆီဒါဆိုင်းနိုင်းအင်စတီကျုမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Chlamydia Pneumoniae ခေါ် ဘက်တီးရီးယားတစ်မျိုးသည် အယ်ဇိုင်းမားရောဂါ ဖြစ်ပွားနိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

Chlamydia Pneumoniae ဘက်တီးရီးယားသည် မျက်လုံးနှင့် ဦးနှောက်အတွင်း နှစ်နှင့်ချီရှိနေတတ်သော ဘက်တီးရီးယား တစ်မျိုးဖြစ်ပြီး ၎င်းဘက်တီးရီးယားကြောင့် အဆုတ်ရောင်ရောဂါနှင့် ထိပ်ကပ်နာရောဂါများဖြစ်ပွားတတ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Chlamydia Pneumoniae ဘက်တီးရီးယားများသည် အယ်ဇိုင်းမားရောဂါ လက္ခဏာတစ်ရပ်ဖြစ်သည့် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

သုတေသနပညာရှင်များသည် လူ ၁၀၄ ဦး၏ မျက်လုံးမြင်လွှာတစ်ရှူးများကို လေ့လာခဲ့ကြရာမှ ပေါ်ထွက်လာသည့် ရလဒ်များအရ အယ်ဇိုင်းမားရောဂါ ရှိသူများ၏ မြင်လွှာတစ်ရှူး နမူနာများထဲ၌ Chlamydia Pneumoniae ဘက်တီးရီးယားများ ပါဝင်မှုနှုန်း မြင့်မားနေကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

၂၀၅၀ ပြည့်နှစ်တွင် ဗြိတိန်နိုင်ငံ၌ Dementia လူနာအရေအတွက် နှစ်သန်းခန့်ထိ ရှိလာနိုင်

လန်ဒန် ဖေဖော်ဝါရီ ၄

၂၀၅၀ ပြည့်နှစ်အရောက်တွင် ဗြိတိန်နိုင်ငံ၌ ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia)လူနာအရေအတွက် နှစ်သန်းခန့်ထိ ရှိလာနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဥရောပတိုက်တစ်ဝန်း၌ နောင်လာမည့် ၂၅ နှစ်အတွင်း Dementia ရောဂါ လူနာအရေအတွက်မှာ ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်လာနိုင်ကြောင်း သိရသည်။

အယ်ဇိုင်းမားရောဂါ ဖြစ်ပွားနှုန်းမြင့်တက်လာမှုကြောင့် နောင်လာမည့် ၂၅ နှစ်အတွင်း ဥရောပတိုက်တစ်ဝန်း၌ Dementia လူနာအရေအတွက် မြင့်တက်လာခြင်းဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အယ်ဇိုင်းမားရောဂါသည် အဖြစ်အများဆုံး Dementiaရောဂါ တစ်မျိုးဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံတွင်မူ ၂၀၅၀ ပြည့်နှစ်အရောက်၌ Dementia လူနာအရေအတွက်မှာ လက်ရှိထက် ၆၃ ရာခိုင်နှုန်း မြင့်တက်လာနိုင်ပြီး ၁၉၅၉၂၅ ဦးထိ ရှိလာနိုင်ကြောင်း သုတေသန ပညာရှင်များက ခန့်မှန်းထားသည်။

သုတေသန ပညာရှင်များ၏ ခန့်မှန်းချက်အတိုင်း လာမည့် ၂၅ နှစ်အတွင်း Dementia လူနာအရေအတွက် မြင့်တက်လာပါက ဥရောပ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အတွက် ဖိအားပိုလာလိမ့်မည် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ကိုပါအီတာလီယာပြိုင်ပွဲ
ကွာတားဖိုင်နယ် ပွဲကြိုသုံးသပ်ချက်

အတ္တလန်တာ Vs ဂျူဗင်တပ်

ကစားမည့်ရက်/အချိန် ၆-၂-၂၀၂၆ (နံနက် ၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဂျူဗင်တပ် ၁ - ၁ အတ္တလန်တာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

အတ္တလန်တာ - အိမ်(နိုင်) ဝေး(ရှုံး) ဝေး(သရေ)

ဂျူဗင်တပ် - အိမ်(နိုင်) ဝေး(သရေ) ဝေး(နိုင်)

အတ္တလန်တာအသင်းဟာ ဂျီနိုအာအသင်းကို ဂိုးပြတ်အနိုင်ရရှိပြီး ဒီအဆင့်ကို တက်ရောက်လာနိုင်ခဲ့ပေမဲ့ လက်ရှိခြေစွမ်းပိုင်းကတော့ ကျဆင်းနေပါတယ်။နောက်ဆုံးလေးပွဲဆက်ရှုံးပွဲမရှိတဲ့ ဂျူဗင်တပ်အသင်းကတော့ လက်ရှိတိုက်စစ်ပိုင်းထက်မြက်နေသလို အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းကလဲ အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဒါ့ကြောင့် အခုပွဲစဉ်မှာ ဂျူဗင်တပ်အသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - အတ္တလန်တာ ၁ - ၂ ဂျူဗင်တပ်

စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ
ကွာတားဖိုင်နယ် ပွဲကြိုသုံးသပ်ချက်

ဘက်တစ် Vs အေတီကို

ကစားမည့်ရက်/အချိန် ၆-၂-၂၀၂၆ (နံနက် ၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘက်တစ် ၀ - ၂ အေတီကို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ဘက်တစ် - ဝေး(ရှုံး) အိမ်(နိုင်) အိမ်(နိုင်)

အေတီကို - အိမ်(နိုင်) အိမ်(ရှုံး) ဝေး(သရေ)

ဘက်တစ်အသင်းအနေနဲ့ နောက်ဆုံးနှစ်ပွဲဆက် အနိုင်ရထားသလို လက်ရှိဘောလုံးရာသီ စပိန်လာလီဂါမှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ အသင်းပါ။ အေတီကိုအသင်းရဲ့ ဒီရာသီခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိသလို နောက်ဆုံးနှစ်ပွဲဆက်မှာလဲ နိုင်ပွဲပျောက်ဆုံးထားပါတယ်။ ဒါ့ကြောင့် နောက်ဆုံးတွေ့ဆုံမှုမှာ အေတီကိုအသင်းအသာရနေတယ်ဆိုပေမဲ့ ဘက်တစ်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဘက်တစ် ၁ - ၀ အေတီကို

ပြင်သစ်ကိုပါဒယ်ရေးဖလား
၁၆ သင်းအဆင့် ပွဲကြိုသုံးသပ်ချက်

စထရာဘော့ Vs မိုနာကို

ကစားမည့်ရက်/အချိန် ၆-၂-၂၀၂၆ (နံနက် ၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မိုနာကို ၃ - ၂ စထရာဘော့

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

စထရာဘော့ - အိမ်(နိုင်) ဝေး(နိုင်) အိမ်(ရှုံး)

မိုနာကို - ဝေး(သရေ) အိမ်(သရေ) အိမ်(နိုင်)

လက်ရှိဘောလုံးရာသီ ပြင်သစ်လီဂူးပြိုင်ပွဲမှာ အိမ်ကွင်းသုံးပွဲသာ ရှုံးနိမ့်ထားတဲ့ စထရာဘော့အသင်းဟာ အခုကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာလည်း ခြေစွမ်းပိုင်းထက်မြက်မှုရှိနေတာကို တွေ့ရပါတယ်။ မိုနာကို အသင်းအနေနဲ့လဲ လက်ရှိကစားသမားပိုင်းမှာ အသာရနေတယ်ဆိုပေမဲ့ ခြေစွမ်းပိုင်းနဲ့ ရလဒ်ပိုင်းမှာတော့ ဆိုးရွားနေတာကြောင့် အိမ်ကွင်းမှာ ဖိအားပေးကစားမဲ့ စထရာဘော့အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

ခန့်မှန်းရလဒ် - စထရောဘော့ ၂ - ၁ မိုနာကို

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က Academies and Youth Development Director အဖြစ် ဂျပန်လူမျိုးနည်းပြ Keisuke Amano ကို နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာ့ဘောလုံး လောကဏ္ဍ၏ လူငယ်မျိုးဆက်သစ်များ ဖော်ထုတ်ရေးနှင့် အကယ်ဒမီများ၏ အရည်အသွေးကို မြှင့်တင်ရန် အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)က ဂျပန်လူမျိုး နည်းပြ ဖြစ်သူ Keisuke Amano ကို Academies and Youth Development Director အဖြစ် နှစ်နှစ် သက်တမ်းရှိ စာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း သိရသည်။

နည်းပြ Keisuke Amano သည် JFA / AFC A-License ရရှိထား သည့် ဝါရင့်နည်းပြတစ်ဦးဖြစ်ပြီး ဂျပန်ဂျလိဂ်ကလပ် Kashima Antlers FC ၏ အကယ်ဒမီတွင် ၁၃ နှစ်ကျော်ကြာ နည်းပြတာဝန်ယူခဲ့ သည့် အတွေ့အကြုံရှိသူဖြစ်သည်။

အလားတူ Keisuke Amano သည်မြန်မာနိုင်ငံသို့ မလာရောက်မီ တရုတ်နိုင်ငံ ချန်ဒူးဘောလုံးအဖွဲ့ ချုပ်(Chengdu FA)တွင် လူငယ် ဖွံ့ဖြိုးရေး နည်းစနစ်ဒါရိုက်တာ အဖြစ် တာဝန်ယူခဲ့ပြီး လူငယ် ကစားသမားများ ရှာဖွေဖော်ထုတ် ခြင်းနှင့် နည်းစနစ်ပိုင်းအဆင့်မြှင့် တင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံနှင့် တရုတ် နိုင်ငံတို့တွင် လူငယ်ဖွံ့ဖြိုးရေး နည်းပညာဒါရိုက်တာအဖြစ် ဆယ်စု နှစ် နှစ်ခုကျော် လုပ်ကိုင်ခဲ့ရာ ဥရောပကလပ်များတွင် ကစား နေသည့် Machida Koki နှင့် Ueda Ayase တို့ကဲ့သို့သော ထိပ်တန်း ကစားသမားများကို လေ့ကျင့်ပြုစု ပျိုးထောင်ပေးခဲ့သည်။

၎င်း၏ နှစ်နှစ်တာသက်တမ်း အတွင်း တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် ထူးချွန်သည့် လူငယ် ကစားသမားများကို စနစ်တကျ ရှာဖွေခြင်း၊ အကယ်ဒမီများရှိ နည်းပြများ၏ အရည်အသွေးကို မြှင့်တင်ရန် သင်တန်းများပို့ချခြင်း၊ မြန်မာ့ဘောလုံး အကယ်ဒမီများ အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများ ရေးဆွဲခြင်းများ ကို အဓိကထားလုပ်ဆောင်မည်ဖြစ် ကြောင်း သိရသည်။

STA

ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေး အသုံးစရိတ်အများဆုံးအသင်းအဖြစ် မန်စီးတီးအသင်းရပ်တည်

မန်ချက်စတာ ဖေဖော်ဝါရီ ၄

ယခုနှစ် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ ကာလတွင် ဥရောပထိပ်တန်း လိဂ်ငါးခုမှ ပြောင်းရွှေ့ကြေး အသုံးစရိတ် အများဆုံးအသုံးပြုခဲ့သည့် ကလပ် အသင်းအဖြစ် မန်စီးတီးအသင်းက ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် ကစားသမားခေါ်ယူ မှုများအတွက် ပြောင်းရွှေ့ကြေး အသုံးစရိတ် ယူရို ၄၅၃ သန်းထိ အသုံးပြုခဲ့ပြီးနောက် ပြောင်းရွှေ့ ကြေး အများဆုံးအသုံးပြုခဲ့သည့် ကလပ်အသင်းအဖြစ် ရပ်တည် ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီကစားသမားအပြောင်း အရွှေ့ကာလ ဥရောပထိပ်တန်းလိဂ် ငါးခုတွင် ပြောင်းရွှေ့ကြေး အသုံး စရိတ်အများဆုံး အသုံးပြုခဲ့သည့် ကလပ်အသင်းစာရင်း၌ မန်စီး တီးအသင်းနောက်တွင် အေစီမီလန်အသင်းက ယူရို ၂၄၄ သန်းဖြင့် ဒုတိယ၊ ရင်းနက်အသင်းက ယူရို ၁၀၅ သန်းဖြင့် တတိယ၊ လိုက်ပ်ဇစ် အသင်းက ယူရို ၉၉ သန်းဖြင့် စတုတ္ထ၊ အေတီကိုအသင်းက ယူရို ၇၆ သန်းဖြင့် ပဉ္စမနေရာတို့တွင် အသီးသီးရပ်တည်ခဲ့ကြသည်။

ဇန်နဝါရီကစားသမားအပြောင်း အရွှေ့ကာလ ပြောင်းရွှေ့ကြေး အများဆုံး ကလပ်အသင်းစာရင်း တွင် မန်စီးတီးအသင်းက ထိပ်ဆုံး၌ ရပ်တည်ခဲ့သကဲ့သို့ ပြောင်းရွှေ့ ကြေးအများဆုံး ကစားသမား စာရင်းတွင်လည်း မန်စီးတီးအသင်း မှပင် ဆီမီညူိက ယူရို ၇၂ သန်းဖြင့် ထိပ်ဆုံး၌ ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : One Football

Trs : STA

ကမ္ဘာ့ဟဲဗီးဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံ အူဆက်ခ်နှင့်ထိုးသတ်ရန် ဖေဘီယို ထိပ်တိုက်ဆွေးနွေး

ဆန်ဂျူအန် ဖေဖော်ဝါရီ ၄

ကမ္ဘာ့ဟဲဗီးဝိတ်တန်းပြိုင်ဘက် ကင်းချန်ပီယံ ယူကရိန်းလက်ဝှေ့ သမား အူဆက်ခ်သည် ကစား သမားဘဝ၏ နောက်ဆုံးပွဲစဉ် ထိုးသတ်ရန် ပြိုင်ဘက်ရွေးချယ် နေပြီး ဗြိတိန်လက်ဝှေ့သမား ဖေဘီယိုက အူဆက်ခ်နှင့်ထိုးသတ် လိုသည့်အတွက် ယနေ့တွင် ထိပ်တိုက်တွေ့ဆုံ ဆွေးနွေးခဲ့ ကြောင်း DAZN သတင်းဌာနက ဖော်ပြခဲ့သည်။

ဖေဘီယိုသည် WBO ဟဲဗီး ဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ တစ်ဦးဖြစ်ပြီး စိန်ခေါ်ပွဲ ၂၀ ထိုးသတ်ထားကာ ရှုံးပွဲမရှိသေး သည့် လက်ဝှေ့သမားတစ်ဦးဖြစ် ကြောင်း သိရသည်။

အသက် ၃၁ နှစ်ရှိ ဖေဘီယိုနှင့် အသက် ၃၉ နှစ်ရှိအူဆက်ခ်တို့ကြား အသက်အရွယ် ကွာဟချက်ရှိနေ သကဲ့သို့ ကြံခိုင်မှုပိုင်းကလည်း ဖေဘီယိုက သာလွန်နေပြီး ၎င်းတို့ နှစ်ဦးကြား မျက်နှာချင်းဆိုင် ဆွေးနွေးမှု ပြုလုပ်ခဲ့ပြီးနောက် ဆွေးနွေးမှုနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ပြန်ချက် ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်းလည်း သိရသည်။

အူဆက်ခ်က"ဖေဘီယိုနဲ့မျက်နှာ ချင်းဆိုင်တွေ့ခဲ့တယ်ဆိုတာ မှန်ပါ တယ်။ ဖေဘီယိုနဲ့ ကြိုးပိုင်းထဲတွေ့ မလားဆိုတော့ ကျွန်တော့်အတွက် ပြဿနာမရှိပါဘူး။ စိန်ခေါ်ပွဲထိုး သတ်သွားဖို့အတွက် ကျွန်တော့် ပြဿနာမဟုတ်ဘူး။ ကျွန်တော့် မန်နေဂျာရဲ့ပြဿနာပါ။ ဖေဘီယိုနဲ့ မကြာခဏဆိုသလို Sparring ယူဖူးတယ်။ သူကလဲ ကမ္ဘာ့ ချန်ပီယံတစ်ယောက်ပါ။ လက်ဝှေ့ အားကစားဆိုတာ ကြီးကျယ် ခမ်းနားတဲ့ အားကစားဖြစ်ပါတယ်။ ဒီအားကစားလောကမှာ ဖေဘီယို ကလဲ ကမ္ဘာ့ချန်ပီယံတစ်ယောက် ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့် အနေနဲ့ သူနဲ့ထိုးသတ်သွားဖို့ဆိုတာ ဖြစ်နိုင်ပါတယ်။ ကျွန်တော် သတ်မှတ်ထားတဲ့ ပြိုင်ဘက်ရဲ့ စံနှုန်းတွေ သူ့ဆီမှာရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs : AZL

အမေရိကန်နိုင်ငံတွင် နှင်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများကို လျော်ကြေးပေးရသဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအာမခံကုမ္ပဏီ အရှုံးပေါ်

ဝါရှင်တန် ဖေဖော်ဝါရီ ၄

အမေရိကန်နိုင်ငံတွင် ဇန်နဝါရီလအတွင်း နှင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ကာ နှင်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုမြင့်မားခဲ့ပြီး အာမခံထားရှိမှုများကို လျော်ကြေး ပေးဆောင်ခဲ့ရသဖြင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ အာမခံကုမ္ပဏီဖြစ်သည့် Karen Clark and Companyသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ဘီလီယံထိ အရှုံးပေါ်ခဲ့ကြောင်း Karen Clark and Company အာမခံကုမ္ပဏီက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

နှင်းမုန်တိုင်းသည် အမေရိကန်နိုင်ငံ အရှေ့ဘက်ပိုင်းနှင့် တောင်ဘက်ပိုင်း ဒေသများကို ဖြတ်သန်း တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း နှင်းမုန်တိုင်းကြောင့် ကြီးမားသောပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရသကဲ့သို့ အာမခံကုမ္ပဏီများလည်း အရှုံးပေါ်ခဲ့ရကြောင်း သိရသည်။

"ဇန်နဝါရီလအတွင်း အရှေ့ဘက်ပိုင်းနဲ့ တောင်ဘက်ပိုင်းမှာ နှင်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတွေ များပြားခဲ့ပါတယ်။ လျှပ်စစ်မီး ပြတ်တောက်မှုတွေလဲ ဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်မီးပြန်လည် ရရှိဖို့အတွက် ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံထားရှိမှုတွေကို လျော်ကြေး ပေးဆောင်ခဲ့ရတော့ ကုမ္ပဏီအနေနဲ့ အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံထိ အရှုံးပေါ်ခဲ့ပါ တယ်။ လူဝီစယားနားပြည်နယ် မြောက်ဘက်ပိုင်းကနေ မစ္စစ္စပီပြည်နယ်မြောက်ဘက်ပိုင်းဒေသတွေမှာ ပျက်စီးဆုံးရှုံးမှုနှုန်းအများဆုံးဖြစ်ပါတယ်"ဟု Karen Clark and Company အာမခံကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

စပိန်နိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့တွင် အားကောင်းသည့် မုန်တိုင်းဝင်ရောက် တိုက်ခတ်နိုင်ကြောင်း IPMA က ထုတ်ပြန်

မက်ဒရစ် ဖေဖော်ဝါရီ ၄

စပိန်နိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့တွင် လာမည့်ရက်ပိုင်းအတွင်း အားကောင်းသည့် မုန်တိုင်းဝင်ရောက် တိုက်ခတ်လာနိုင်ကြောင်း Portuguese Institute of the Sea and the Atmosphere (IPMA)က သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပေါ်တူဂီနိုင်ငံတွင် မကြာသေးမီက ခရစ္စတင်းဟုအမည်ပေးထားသော မုန်တိုင်းဝင်ရောက် တိုက်ခတ်ခဲ့ကာ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုနှုန်း မြင့်မားခဲ့ပြီး သေဆုံးသူများလည်းရှိခဲ့ကြောင်း၊ ယခုအခါ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နေသောကာလအတွင်း အားကောင်းသည့် မုန်တိုင်း ထပ်မံဝင်ရောက်လာနိုင်သည့်အတွက်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း မုန်တိုင်း အန္တရာယ် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများလည်း ဆောင်ရွက်သွားသင့်ကြောင်း ပေါ်တူဂီအစိုးရအဖွဲ့ကို Portuguese Institute of the Sea and the Atmosphere (IPMA)က တိုက်တွန်းသွားခဲ့သည်။

"လာမဲ့ရက်ပိုင်းအတွင်း အားကောင်းတဲ့ မုန်တိုင်းဝင်ရောက် တိုက်ခတ်လာနိုင်ပါတယ်။ မုန်တိုင်း အစပျိုးချိန်မှာ လေတိုက်နှုန်းဟာ တစ်နာရီ ၄၇ မိုင်နှုန်းနဲ့တိုက်ခတ်နိုင်ပြီးတော့ မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုတွေလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။ မုန်တိုင်းဟာ ပေါ်တူဂီနိုင်ငံ မွန်ဒီဂိုဒေသကို ဗဟိုပြုတိုက်ခတ်နိုင်ပြီး စပိန်နိုင်ငံဘက်ခြမ်းကိုလဲ ဦးတည်တိုက်ခတ်သွားနိုင်ပါတယ်။ မကြာသေးမီကမှ ခရစ္စတင်း မုန်တိုင်းကြောင့် ကြီးမားတဲ့ ပျက်စီးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှု များပြားခဲ့သလို သေဆုံးသူ ခြောက်ဦးထိ ရှိခဲ့ပါတယ်" ဟု Portuguese Institute of the Sea and the Atmosphere(IPMA)မှ သုတေသီတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

မာဒါဂါစကားနိုင်ငံတွင် အပူပိုင်းမုန်တိုင်း ဖီတီယာဖြတ်သန်းတိုက်ခတ်ခဲ့မှုကြောင့် လူခုနစ်ဦးသေဆုံးပြီး ၅၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့

အန်တာနာနာရီဗို ဖေဖော်ဝါရီ ၄

မာဒါဂါစကားနိုင်ငံတွင် အပူပိုင်းမုန်တိုင်း ဖီတီယာဖြတ်သန်းတိုက်ခတ်ခဲ့မှုကြောင့် လူခုနစ်ဦးသေဆုံးပြီး လူပေါင်း ၅၄၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားအန္တရာယ်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုရုံး (BNGRC) ၏ ဖေဖော်ဝါရီ ၃ ရက် အစီရင်ခံစာအရ သိရသည်။

အပူပိုင်းမုန်တိုင်း ဖီတီယာကြောင့် လူနေအိမ်ခြေ ၁၄၀၀ ကျော် လုံးဝပျက်စီးခဲ့ကာ အိမ်ခြေ ၉၀၀၀ ကျော် ရေလွှမ်းမိုးခံခဲ့ရကြောင်း၊ ရေဘေးကြောင့် အဆိုးရွားဆုံးထိခိုက်ခဲ့သော ဒေသများမှာ နိုင်ငံအနောက်မြောက်ပိုင်းရှိ ဆိုအလာလာ၊ မာရိဗိုအေးနှင့် မာဟာဂျန်ဂါမြို့များအပြင် မြို့တော် အန်တာနာနာရီဗိုလည်း ပါဝင်ကြောင်း သိရသည်။

မုန်တိုင်းဖီတီယာသည် နိုင်ငံ၏အနောက် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ပြီး ခရိုင် ၁၉ ခုကို ထိခိုက်စေခဲ့ကြောင်း၊ အဆိုပါမုန်တိုင်းသည် ဖေဖော်ဝါရီ ၃ ရက်တွင် အရှေ့ဘက် ကမ်းရိုးတန်းမြို့ဖြစ်သော ဗာတိုမန်ဒရီမြို့မှတစ်ဆင့် ပင်လယ်ထဲသို့ ပြန်လည်ရွှေ့လျားသွားခဲ့ကြောင်း မိုးလေဝသအာဏာပိုင်များက ပြောကြားသည်။

မုန်တိုင်းဖြတ်ကျော်သွားပြီဖြစ်သော်လည်း မုန်တိုင်းအရှိန်ကြောင့် မာဒါဂါစကားနိုင်ငံ၏ မြောက်ပိုင်းနှင့် အလယ်ပိုင်း၊ အနောက်ပိုင်း ဒေသများတွင် လာမည့်ရက်များအတွင်း မိုးရွာသွန်းမှု ဆက်လက်ဖြစ်ပွားနိုင်ကြောင်း၊ ထို့ကြောင့် ရေကြီးရေလျှံမှုအန္တရာယ်ကို သတိပြုနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

တောင်ဩစတြေးလျှပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

ကင်ဘာရာ ဖေဖော်ဝါရီ ၄

ဩစတြေးလျှနိုင်ငံ တောင်ဩစတြေးလျှပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေသည့်အတွက်ကြောင့် တောမီးအန္တရာယ် အရေးပေါ်အဆင့်အဖြစ် သတ်မှတ်ကြောင်း တောင်ဩစတြေးလျှပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသွားခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

တောမီးသည် ဖရူရီကျွန်းဆွယ်တွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းနေကြောင်း၊ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် သစ်တောဧရိယာကိုတာ ၁၆၀၀ ထိ လောင်ကျွမ်း ပျက်စီးခဲ့ကြောင်း၊ တောမီးကိုအမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၂၆၀ ထိ အသုံးပြုထားပြီး မီးသတ်ကားအစီး ၄၀နှင့် မီးငြိမ်းသတ်ရေး အထောက်အကူပြုယာဉ် ၁၅ စီးထိ အသုံးပြုထားကြောင်း သိရသည်။

"တောမီး လောင်ကျွမ်းမှုဟာ ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိနေတဲ့အတွက် တောမီးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပါတယ်။ တောမီးကို ထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်အယောက် ၂၆၀ ထိ စေလွှတ်ပေးထားပြီးတော့ တောမီးကိုထိန်းချုပ်နိုင်ဖို့ ကြိုးစားပေးနေပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြေ တချို့ပျက်စီးခဲ့ပါတယ်"ဟု တောင်ဩစတြေးလျှပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက အတည်ပြုပြောကြားသွားခဲ့သည်။

တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် အင်အားသုံးကြိုးစားငြိမ်းသတ်နေသော်လည်း ရာသီဥတုအခြေအနေကြောင့် တောမီးမှာထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေပြီး အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

ဧင်ဘာဘွေနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၁၁၈ ဦးထိ မြင့်တက်လာ

ဟာရဲရား ဖေဖော်ဝါရီ ၄

ဧင်ဘာဘွေနိုင်ငံတစ်ဝန်းတွင် မိုးရာသီအစကတည်းက မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် အနည်းဆုံးလူ ၁၁၈ ဦး သေဆုံးပြီး ၆၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံ၏ ပြည်သူ့ကာကွယ်ရေးဌာန(DCP)က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံ၏ ပြည်သူ့ကာကွယ်ရေးဌာန(DCP)၏ နောက်ဆုံးရ အခြေအနေအစီရင်ခံစာအရ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ရေနစ်သေဆုံးမှုများ၊ မြေပြိုကျမှုများ ဖြစ်ပွားခဲ့ကာ သေဆုံးခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိမ်ထောင်စု ၈၂၉၅ စု ထိခိုက်ခဲ့ပြီး အိမ်ခြေ ၃၃၄ လုံး၊ ကျောင်း ၂၃၆ ကျောင်း၊ ကျန်းမာရေးဌာန ၁၅ ခုနှင့် နိုင်ငံတစ်ဝန်းရှိ တံတား ၂၁ စင်း ပျက်စီးခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် မြို့ပြနှင့် ကျေးလက်ဒေသရှိ အဓိက အဝေးပြေး လမ်းမကြီးများနှင့် လမ်းသွယ်များလည်း ပြင်းထန်စွာ ထိခိုက်ပျက်စီးခဲ့ပြီး အချို့လမ်းများမှာသွားလာရန် အဆင်မပြေတော့သဖြင့် ပြန်လည်ပြုပြင်ရန် လိုအပ်နေကြောင်း သိရသည်။

ဧင်ဘာဘွေနိုင်ငံတွင် မိုးရာသီကာလမှာ ပုံမှန်အားဖြင့် အောက်တိုဘာလမှမတ်လထိ သတ်မှတ်ထားပြီး ၎င်းကာလအတွင်းမိုးသည်းထန်စွာရွာသွန်းမှုများနှင့် ရံဖန်ရံခါ မုန်တိုင်းများ တိုက်ခတ်တတ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအာဏာပိုင်များက ပြည်သူများကို သတိပြုနေထိုင်ရန်နှင့် အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားရန်၊ သတိပြုနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေး

ကိုယဉ်ချစ်(မန္တလေး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားများ မိုတင်းနေထိုင်ရာ ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပြည်ထောင်စုဆိုသည်မှာ ပြည်နယ်နှင့်တိုင်းများကိုပေါင်းစည်း၍ ဗဟိုအာဏာပိုင်အဖွဲ့က စီမံခန့်ခွဲသည့်နိုင်ငံဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မြန်မာနိုင်ငံသည် ခိုင်မာသောလူမျိုးသမိုင်း၊ ခိုင်မာသောနိုင်ငံသမိုင်းနှင့် တည်တံ့ခိုင်မြဲသော အချုပ်အခြာအာဏာပိုင် ရေမြေပိုင်နက်နယ်နိမိတ်များပြည့်စုံသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် မိုတင်းနေထိုင်လျက်ရှိသော ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးအားလုံးသည် မိမိကိုယ်ကို မြန်မာတိုင်းရင်းသားလူမျိုးအဖြစ်ခံယူကာ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နေသော လူမျိုးများဖြစ်သည်။

မြန်မာတို့သည် သမိုင်းကြောင်းအရ ဗိသနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်စဉ်များ တစ်လျှောက်တွင် ကိုယ့်ထီးကိုယ့်နန်းဖြင့် ခဲ့ညားထည်ဝါစွာ ရပ်တည်နေထိုင်ခဲ့ကြသူများဖြစ်သည်။

မြန်မာနိုင်ငံကို တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ် ခုနစ်ခုနှင့် ပြည်ထောင်စုနယ်မြေတစ်ခုတို့ဖြင့် ဖွဲ့စည်းထားသည်။ တိုင်းဒေသကြီးများတွင် ဗမာ လူမျိုးများ အများဆုံးနေထိုင်ကြပြီး ပြည်နယ်များတွင် တိုင်းရင်းသားလူမျိုးများ အဓိကနေထိုင်ကြသည်။ ပထဝီဝင်နိုင်ငံရေးအရ အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရိုးမတောင်တန်းကြီးများ၊ ကုန်းမြင့်ဒေသများ၊ တောင်တန်းဒေသများ၊ သစ်တောကြီးများ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် မြေပြန့်လွင်ပြင်များ ပိုင်ဆိုင်ထားပြီး ရာသီဥတုမျှတသည်။ စိုက်ပျိုးရေးအတွက် ရေ၊ မြေ၊ သဘာဝအရင်းအမြစ်များ၊ သဘာဝတွင်းထွက်သယံဇာတများ ပေါကြွယ်ဝသည်။

နယ်ချဲ့ဗြိတိသျှတို့က ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်များတွင် ကျူးကျော်စစ်ပွဲများဖြင့် သိမ်းပိုက်ခြင်းကို ခံခဲ့ရသည်။ ပထမကျူးကျော်စစ်မှ လွတ်လပ်ရေးပြန်လည်ရရှိသည်ထိ နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝသို့ ရောက်ရှိသွားချိန်တွင် ဆုံးရှုံးသွားသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူရန်အတွက် တိုင်းရင်းသားများသည် အသက်၊ သွေး၊ ချွေး များစွာပေးဆပ်ကာ ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြသည်။ လွတ်လပ်ရေး ပြန်လည်ရရှိရေး ကြိုးပမ်းမှုသမိုင်းစဉ်တစ်လျှောက်တွင် တောင်ပေါ်မြေပြန့်အသီးသီးမှ တိုင်းရင်းသားညီနောင်များသည် မိမိတို့နေထိုင်ရာဒေသများမှနေ၍ ရရာလက်နက်များစွဲကိုင်ကာ နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်။ သို့ရာတွင် နယ်ချဲ့တို့က လက်နက်အင်အားနှင့် နည်းပညာနိမ့်ကျခြင်းတို့ကြောင့် အောင်မြင်မှုမရခဲ့ပေ။

၁၈၉၇ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏမိတ္တ အသင်းကို တည်ထောင်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးပေါ်ပေါက်လာပြီး နိုင်ငံရေး တိုက်ပွဲများကို ဆက်လက်ဆင်နွှဲခဲ့ကြသည်။ နိုင်ငံရေးနည်းလမ်းဖြင့် လွတ်လပ်ရေးကို တောင်းဆို၍မရနိုင်။ လက်နက်ဖြင့်တော်လှန်မှသာ လွတ်လပ်ရေးရနိုင်မည်ကို တို့ဗမာအစည်းအရုံးနှင့်ပြည်သူ့အရေးတော်ပုံ ပါတီဝင်များက ဆုံးဖြတ်ခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေးအတွက် ပြည်ပအကူအညီများကို ရှာဖွေခဲ့ကြသည်။ ဂျပန်တို့နှင့်အဆက်အသွယ်ရခဲ့သဖြင့် ၁၉၄၁ ခုနှစ်တွင် ရဲဘော်သုံးကျိပ်တို့သည် ဂျပန်တို့ထံမှ စစ်ပညာများသင်ယူခဲ့ကြသည်။ စစ်ပညာသင်ကြားခဲ့သော လူငယ်ရဲဘော်သုံးကျိပ်တို့သည် လွတ်လပ်ရေးတိုက်ပွဲဝင်ရန် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်၌ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့သည်။

ရဲဘော်သုံးကျိပ်တို့သည် ၁၉၄၂ ခုနှစ် ဧန်နဝါရီလတွင် စစ်ကြောင်းကြီးလေးကြောင်းခွဲ၍ မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဂျပန်တပ်များနှင့်အတူ နယ်ချဲ့ဗြိတိသျှတို့ကို တိုက်ထုတ်ခဲ့ကြသည်။

ဂျပန်တို့သည် မော်လမြိုင်မြို့ကိုသိမ်းပိုက်ပြီးပါက လွတ်လပ်ရေးပေးမည်ဟု ကတိပြုခဲ့သော်လည်း ရန်ကုန်မြို့ကိုသိမ်းပိုက်ပြီးသည့်တိုင်အောင် လွတ်လပ်ရေးမပေးဘဲ ဖက်ဆစ်စနစ်ဖြင့် တိုင်းရင်းသားပြည်သူများကို ဖိနှိပ်အုပ်ချုပ်ခဲ့သည်။ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရန် ပြင်ဆင်ခဲ့ကြသည်။

၁၉၄၄ ခုနှစ်ဩဂုတ်လတွင် ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့သည်။ စစ်ကြီးပြီးနောက် ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့အဖွဲ့ချုပ်ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး စစ်ရေးအရ စစ်တိုင်းကြီး ရှစ်တိုင်းခွဲ၍ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ထုတ်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးသည် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်နှင့်စည်းလုံးညီညွတ်မှုများဖြင့် ဆောင်ရွက်နိုင်ခြင်းကြောင့် အောင်မြင်မှုရရှိခဲ့သည်။

လွတ်လပ်ရေးရရှိရန်အတွက် ၁၉၄၇ ခုနှစ်ဦးပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗြိတိသျှအစိုးရနှင့် အင်္ဂလန်နိုင်ငံသို့သွားရောက်ဆွေးနွေးသည့်အခါ လွတ်လပ်ရေးပေးပါက ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသများကိုပါ လွတ်လပ်ရေးပေးရန် ဆွေးနွေးခဲ့သည်။ ထိုအချိန်တွင် နယ်ချဲ့တို့၏ သွေးခွဲမှုကို မှားယွင်းစွာလက်ခံသည့် ရှမ်းစော်ဘွားအချို့က ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းစော်ဘွားတို့၏ ကိုယ်စားလှယ်မဟုတ်ကြောင်း အင်္ဂလန်နိုင်ငံဝန်ကြီးချုပ်ထံ ကြေးနန်းရိုက် အကြောင်းကြားခဲ့သည်။

ထို့ကြောင့် တောင်ကြီးမြို့နှင့် သီပေါမြို့တို့တွင် လူထုအစည်းအဝေးများပြုလုပ်ကာ ဗိုလ်ချုပ်အောင်ဆန်းမှာ ရှမ်းလူထု၏ကိုယ်စားလှယ်ဖြစ်ကြောင်းနှင့် ဗိုလ်ချုပ်၏တောင်းဆိုချက်များကို ထောက်ခံကြောင်း ပြန်လည်ကြေးနန်းရိုက်အကြောင်းကြားခဲ့သည်။ သို့ဖြစ်ရာ အောင်ဆန်း - အက်တလီ စာချုပ်ချုပ်ဆိုသောအခါ တောင်တန်းဒေသများကိုပါ တစ်ပေါင်းတည်း လွတ်လပ်ရေးပေးရန်ကိစ္စနှင့် ပတ်သက်၍ တောင်တန်းဒေသမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပြီး ဆုံးဖြတ်ချက်ရယူမည်ဆိုသော အချက်တစ်ချက်ကို စာချုပ်၌ ထည့်သွင်းဖော်ပြခဲ့သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များပါဝင်သော ပင်လုံညီလာခံကို ရှမ်းပြည်နယ် ပင်လုံမြို့တွင် အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြသည်။

ထိုဆွေးနွေးပွဲမှ တောင်တန်းဒေသနှင့် မြေပြန့်ဒေသ တစ်ပေါင်းတည်း လွတ်လပ်ရေးအရယူမည်ဟူသောဆုံးဖြတ်ချက်ကို ပင်လုံစာချုပ်တွင် သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သည့် ဖေဖော်ဝါရီ ၁၂ ရက်ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့သည်။

တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ် ဧန်နဝါရီ ၄ ရက်တွင် အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သော ပြည်ထောင်စုနိုင်ငံဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ သမိုင်းဝင်နေ့တစ်နေ့ဖြစ်သော ပြည်ထောင်စုနေ့ကို နှစ်စဉ် မဟာမိတ်ပြုပဲခူးရာ ၂၀၂၆ ခုနှစ်တွင် ၇၉ နှစ်မြောက်ခဲ့ပြီဖြစ်သည်။

❖ ပြည်ထောင်စုဆိုသည်မှာ ပြည်နယ်နှင့်တိုင်းများကိုပေါင်းစည်း၍ ဗဟိုအာဏာပိုင်အဖွဲ့က စီမံခန့်ခွဲသည့်နိုင်ငံဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မြန်မာနိုင်ငံသည် ခိုင်မာသောလူမျိုးသမိုင်း၊ ခိုင်မာသောနိုင်ငံသမိုင်းနှင့် တည်တံ့ခိုင်မြဲသော အချုပ်အခြာအာဏာပိုင် ရေမြေပိုင်နက်နယ်နိမိတ်များပြည့်စုံသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် မိုတင်းနေထိုင်လျက်ရှိသော ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးအားလုံးသည် မိမိကိုယ်ကို မြန်မာတိုင်းရင်းသားလူမျိုးအဖြစ်ခံယူကာ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နေသော လူမျိုးများဖြစ်သည်။ ❖

၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက်ပြည်ထောင်စုနေ့ကို သမိုင်းအစဉ်အလာမပျက် အမျိုးသားရေးဦးတည်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါဦးတည်ချက်များမှာ-

(၁) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရင်နှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ရေးတို့ဖြစ်သည်။

ပြည်ထောင်စုနေ့သည် ပြည်ထောင်စုဖွားတိုင်းရင်းသား သွေးချင်းတို့စည်းလုံးညီညွတ်မှုဖြင့် နယ်ချဲ့တို့ထံမှ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့သော သမိုင်းမော်ကွန်းတင်သည့်နေ့ဖြစ်သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံကာ စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်စေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် တိုင်းရင်းသားများ စုပေါင်းတည်ထောင်ပြုထားသည့် ပြည်ထောင်စုကြီးကို ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား

- **မြန်မာအဘိဓာန်၊ မြန်မာစာအဖွဲ့၊ ပညာရေးဝန်ကြီးဌာန**
- **သိမ့တ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၆)၊ ပြန်/ဆက်ဦးစီးဌာန**

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

ရုပ်ရှိရေလျှံ ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ဧရာဝတီ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရုပ်ရှိရေလျှံရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည် ဖြစ်ကြောင်း အဆိုပါ ရုပ်ရှိရေလျှံ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) ထံမှ သိရသည်။

အဆိုပါ ရုပ်ရှိရေလျှံ ရုပ်ရှင် ဧရာဝတီ ရုပ်ရှင်ထုတ်လုပ်ရေး ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ရာဇဝင်ကိုက ရေးသားထားပြီး ရာဇဝင်ကိုနှင့် လူညီချောတို့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်၊ ထူးအောင်၊ ကျော်ရဲအောင်၊ ဆင်မ၊ ခြူးလေး၊ စိုးမိုးကြည်၊ သင်းသဲဗို၊ ရွှေပုံ၊ ဧည့်သည် သရုပ်ဆောင် ရှိန်းတင့်ထူး၊ မိုးပြည့်ပြည့်မောင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

"လူငယ်အကြိုက် အချစ်ဟာသဇာတ်မြူးလေးပါ။ ပေါ့ပေါ့ပါးပါး တဟားဟားရယ်ရမဲ့ ဇာတ်ကားလေးပါ။ ဟာသဇာတ်လမ်းကြိုက်သူတွေအတွက် အမှတ်တရဖြစ်စေမဲ့ ဇာတ်လမ်းမျိုးလေးပါ။ လူငယ်တွေကြားထဲက သဘာဝအလွဲလေးတွေ၊ ဟာသလေးတွေကို အမှတ်တရစုစည်းထားတဲ့ ဇာတ်လမ်းမျိုးပါ" ဟု ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က ပြောပြသည်။

ရုပ်ရှိရေလျှံ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်၊ ထူးအောင်၊ ကျော်ရဲအောင်၊ ဆင်မ၊ ခြူးလေး၊ စိုးမိုးကြည်၊ သင်းသဲဗို၊ ရွှေပုံ၊ ဧည့်သည် သရုပ်ဆောင် ရှိန်းတင့်ထူး၊ မိုးပြည့်ပြည့်မောင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Sweat ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး အန်နာဒီအားမက်စ် ပါဝင်မည်ဖြစ်

နယူးယောက် ဖေဖော်ဝါရီ ၄

Sweat ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး အန်နာဒီအားမက်စ် ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

Sweat ဇာတ်ကားသည် လူမှုမီဒီယာ နာမည်ကျော်တစ်ဦးဖြစ်လာရန် ကြိုးပမ်းနေသည့် အမ်မာကန့်အမည်ရှိ အမျိုးသမီးတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး အန်နာဒီအားမက်စ်က အမ်မာကန့်အဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

Sweat ဇာတ်ကားကို ပိုလန်ဒါရိုက်တာ မဂ္ဂနက်ဗွန်ဟွန်း၏ ခေါင်းစဉ်အမည်တူ ပိုလန်ဇာတ်ကား Sweat (2020) ကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

Sweat ဇာတ်ကားကို ဗြိတိသျှ ဒါရိုက်တာ ဂျောဘလိတ်ဆန်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Sweat ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို လာမည့်မတ်လအတွင်း လော့စ်အိန်ဂျလိစ်မြို့၌ စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

DJ Production က ရိုက်ကူးထုတ်လုပ်သည့် ဧည့်ဂေဟာရုပ်ရှင်ဇာတ်ကားကို နိုင်ငံတစ်ဝန်းအဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

DJ Production က ရိုက်ကူးထုတ်လုပ်သည့် ဧည့်ဂေဟာရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၆ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည် ဖြစ်ကြောင်း အဆိုပါ ဧည့်ဂေဟာ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ရိုက်ကူးထားသူ ဒါရိုက်တာ ဇော်လင်းထက်ထံမှ သိရသည်။

"ဧည့်ဂေဟာက သည်းထိတ်ရင်ဖို ဟာသဇာတ်မြူးဆိုတော့ ထူးခြားမှုလေးတွေ ရှိပါတယ်။ ပရိသတ်ကို ကြောက်နေရင်းနဲ့ကို ရယ်စေချင်တာပါ။ အဲဒီလိုဖြစ်ဖို့ တော်တော်လေး ကြိုးစားထားပါ တယ်။ ရိုက်ကွင်းနေရာတွေကလဲ တကယ့်ကျောချမ်းစရာ သုသာန်က အပင်ကြီးအောက်မှာ သွား ရိုက်ခဲ့တာပါ။ ဒီဇာတ်ကားမှာ ကိုကျိုကာတို့ ဦးခင်လှိုင်တို့ရဲ့ ဇာတ်ကောင်အားပြိုင်မှုတွေနဲ့ ပရလောကသားတွေ အကြောင်းကို စိတ်ဝင်စားစရာ ကောင်းအောင် ရိုက်ကူးထားပါတယ်။ လူငယ်တစ်စုရဲ့ဝိညာဉ်တွေအပေါ် စူးစမ်းလိုစိတ်၊ စွန့်စားခြင်းတွေနဲ့အတူ ရင်ခုန် ထိတ်လန့်ချောက်ချားစရာ အဖြစ်အပျက်တွေကို မကြာခင် ပိတ်ကားထက်မှာ ရင်သပ်ရှုမော တွေ့မြင်ရတော့မှာ ဖြစ်ပါတယ်" ဟု ဒါရိုက်တာ ဇော်လင်းထက်က ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အလင်းရောင်၊ ဂျိုကာ၊ ခင်လှိုင်ဇွဲ၊ စွမ်းထက်အောင်၊ ညီလွင်၊ ဆူး၊ ဆုထက်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Amazon MGM ၏ အချစ်ဟာသဇာတ်ကား၌ ကင်မရွန်းဒီအက်စ်နှင့် စတီဖင်မားချန့်တို့ ပါဝင်မည်

နယူးယောက် ဖေဖော်ဝါရီ ၄

Amazon MGM စတူဒီယို၏ အချစ်ဟာသ ဇာတ်ကားသစ်တွင် မင်းသမီး ကင်မရွန်းဒီအက်စ်နှင့် မင်းသား စတီဖင်မားချန့်တို့ပါဝင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသစ်ကို မင်းသား စတီဖင်မားချန့်ကိုယ်တိုင် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဝတ္ထုဇာတ်ညွှန်းကို မင်းသား စတီဖင်မားချန့်က ဇာတ်ညွှန်းရေးဆရာ ဂျွန်ဘတ္တလာနှင့် ပူးတွဲရေးသားထားကြောင်း သိရသည်။

တရားဝင်ဇာတ်ကားနာမည် ကြေညာထားခြင်း မရှိသေးသည့် အဆိုပါဇာတ်ကားသည် ဟန်ဆောင်လက်ထပ်ထားသည့် အမျိုးသမီး တစ်ဦးနှင့် အမျိုးသားတစ်ဦးတို့၏ အချစ်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

မင်းသား စတီဖင်မားချန့်သည် အထက်ပါအချစ်ဟာသဇာတ်ကားဌ ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူထားသည်။

အဆိုပါ ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM စတူဒီယို က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

တေးသံရှင်များနှင့်ရုပ်ရှင်သရုပ်ဆောင်များပါဝင်သည့် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စွေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို သာယာဝတီမြို့နယ်တွင် ပြုလုပ်သွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

တေးသံရှင်များနှင့် ရုပ်ရှင်သရုပ်ဆောင်များပါဝင်သည့် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စွေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ မြို့နယ်အားကစားကွင်းတွင် ဖေဖော်ဝါရီ ၁၂ ရက်နှင့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စွေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲ၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် တေးသံရှင် နော်မာန်၊ စစ်နိုင်၊ ပြုံးအသခ်ေ့၊ ပိုးဖြူဖြူ၊ သဒ္ဒါဖြူ၊ မေကံ့ကော်၊ ဆူးလေး၊ ဒီဂျေမွန်း လိုက်၊အေမီစျာန်၊ သွန်းဆုနဒီထက်တို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၃ ရက် ညတွင် ဂျက်မြသောင်း၊ ဒီဂျေမွန်း၊ ပြုံးအသခ်ေ့၊ ပိုးဖြူဖြူ၊ သဒ္ဒါဖြူ၊ မေကံ့ကော်၊ ဆူးလေး၊ မာရီကိုရိုး၊ ခင်ရတနာစိုး၊ လမင်းကဗျာ၊ သွန်းဆုနဒီထက်၊ အေမီစျာန်တို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၁၂ ရက်နဲ့ ဖေဖော်ဝါရီ ၁၃ ရက်ညတွေမှာ သာယာဝတီမြို့ အားကစားကွင်းထဲမှာ ဖျော်ဖြေတင်ဆက်မှာဖြစ်ပါတယ်။ တေးသံရှင်တွေရော သရုပ်ဆောင်တွေရော တော်တော်များများ ဖျော်ဖြေပေးကြမှာပါ။ စွေးရောင်းပွဲလဲ ပါဝင်ပါလိမ့်မယ်။ သာယာဝတီမြို့သူ၊မြို့သားတွေကို လာရောက် အားပေးကြပါအုံးလို့ ဖိတ်ခေါ်ပါတယ်"ဟု သရုပ်ဆောင် စစ်နိုင်က ပြောပြသည်။

ASH

More than 24,000 acres of groundnut planted in Mingin Township

A thriving groundnut plantation in Mingin Township.

Mingin February 4

Statistics of Mingin Township Agriculture Department in Sagaing Region stated that local farmers planted 24,105 acres of groundnut as cold season crops in the township this year.

During the 2025-2026 winter crop cultivation season, Mingin Township earmarked 24,558 acres for groundnut cultivation. Planting began in October 2025, and as of today, 24,105 acres have already been planted.

"In Mingin Township, groundnuts were planned to be cultivated on 24,558 acres, and planting has been completed on 24,105 acres. Groundnut cultivation has been successful and is progressing well. As an oilseed crop, it is in a favorable condition, and groundnut cultivation has been improving year by year," said Daw Hayman Kyaw Win, Township Head of the Mingin Township Department of Agriculture.

In Mingin Township, groundnut cultivation requires one and a half baskets of seed per acre. Including the costs of seed, labor, fertilizer, and pesticides, production costs exceed K200,000 per acre. Yields are reported to be more than 50 baskets per acre.

To ensure successful crop development and to prevent pest and disease infestations and weed growth, staff members from the Township Department of Agriculture are conducting field inspections of groundnut farms and collecting monitoring and survey records. 206

Phaungpyin Township grows more than 3,000 acres of vegetables

Phaungpyin February 4

A total of 3,910 acres of vegetables were planted on the cropland in Phaungpyin Township of Sagaing Region, according to the Mawlaik District Agriculture Department.

In 2025-26 cold season crop cultivation period, local authorities earmarked cultivation of 3,906 acres of vegetables in Phaungpyin Township but local farmers have so far planted 3,910 acres of crops, exceeding the target cultivation.

"In Phaungpyin Township, during the winter crop cultivation season, 3,906 acres were earmarked for vegetable cultivation, and a total of 3,910 acres were successfully planted. Cultivation exceeded the original target acreage. The crops grown include mustard greens, chilli, Chinese cabbage, cauliflower, culinary herbs and spices, potatoes, cabbage, eggplant, and gourds. Farmers are provided with technical guidance to ensure that all vegetables are cultivated using the GAP (Good Agricultural Practices) system. Technical support is also being given so that all vegetables are grown in a health-compliant manner with minimal chemical residues," said Daw Kywe Kywe Hlaing, Head of the Mawlaik District Department of Agriculture.

In Phaungpyin Township, the Township Department of Agriculture is providing vegetable farmers with technical training on GAP-based cultivation methods, offering guidance to ensure that vegetables harvested from farms are healthy and safe for consumption, and supporting efforts to expand vegetable cultivation.

Vegetables of various types are grown seasonally each year in Phaungpyin Township. These crops have been producing good yields, enabling farmers to earn household income. The Township Department of Agriculture is also providing farmers intending to grow vegetables with education and guidance on proper cultivation methods, pest prevention, and the production and use of natural fertilizers, natural pesticides, and pest control solutions. 206

Htigyaing Township expands sown acreage of vegetables more than the target

Htigyaing February 4

Local farmers cultivate vegetables on the croplands exceeding the target cultivation in Htigyaing Township of Sagaing Region this year, according to the township Agriculture Department.

Local authorities set a plan to grow 1,825 acres of vegetables in Htigyaing Township of Sagaing Region in 2025-26 season. But, farmers started cultivation of crops in October 2025, and so far, they have plamted 2,400 acres of crops, exceeding the target cultivation.

During the winter crop cultivation season in Htigyaing Township, 1,825 acres were initially earmarked for vegetable cultivation, but farmers were able to cultivate a total of 2,400 acres, exceeding the original target. The vegetables grown include mustard greens, chili, culinary herbs and spices, potatoes, cabbage, eggplant, and gourds. Farmers were provided with technical assistance to ensure that all vegetables were cultivated using the GAP (Good Agricultural Practices) system. Technical guidance was also given to help farmers grow vegetables in a health-compliant manner with minimal chemical residues," said U Ko Ko Aung, Township Head of the Htigyaing Township Department of Agriculture.

In Htigyaing Township, the Township Department of Agriculture is providing vegetable farmers with technical training on GAP-based cultivation methods, offering guidance to ensure that vegetables harvested from farms are healthy and safe for consumption, and supporting farmers in expanding vegetable cultivation.

Vegetables of various types are grown seasonally each year in Htigyaing Township. These crops have been successfully cultivated, enabling farmers to earn household income. The Township Department of Agriculture is also providing education and guidance to farmers intending to grow vegetables on proper cultivation techniques, pest prevention, and the production and use of natural fertilizers, natural pesticides, and pest control solutions. 206

Trump signs funding package, ending brief partial government shutdown

Washington February 4

U.S. President Donald Trump on Tuesday signed a massive funding package, ending a partial government shutdown that began Saturday.

The bill narrowly passed the House of Representatives earlier Tuesday, after gaining Senate approval on Friday.

The latest package will fund multiple U.S. federal agencies for the remainder of the fiscal year, which ends on Sept. 30.

The agencies include the Department of Defense, the Department of Education, the Department of Health and Human Services, the Department of Labor, the Department of Transportation, and the Department of Housing and Urban Development.

Funding for the Department of Homeland Security (DHS), originally included in the omnibus funding package, has been removed. The department will instead receive a two-week continuing resolution at current funding levels, allowing both parties and the White House to continue negotiations on immigration enforcement.

The recent two fatal shootings by federal enforcement personnel in the state of Minneapolis have prompted Democrats to seek changes to how immigration agencies operate. Senate Minority Leader Chuck Schumer has said that until Immigration and Customs Enforcement is properly reined in and overhauled legislatively, the DHS funding bill does not have the votes to pass the Senate.

Xinhua

Putin hails 'unending spring' in Russia-China ties during call with Xi

Paris February 4

Russian President Vladimir Putin has praised ties between China and Russia, saying the two nations enjoy an "unending spring" in their relationship during a video conference with his Chinese counterpart, Xi Jinping, on Wednesday.

The partnership between the two countries is supported by robust economic and energy ties. Putin noted that bilateral trade turnover has stabilized at a consistently high level, exceeding $200 billion annually. He also emphasized Russia's position as a leading supplier of energy resources to the Asian country.

Putin assured Xi of firm support for all joint efforts to ensure the sovereignty and security of the two countries, their economic prosperity, and the right to choose their own path of development.

Xi noted that Moscow and Beijing are demonstrating their resolve to uphold international justice. He also stated that bilateral trade and cultural-humanitarian relations are developing successfully.

RT

Russian President Vladimir Putin and Chinese President Xi Jinping during a meeting in Moscow on May 8, 2025.

More than 20,000 acres of pigeon pea harvested in Budalin Township

Farmers seen harvesting pigeon peas in a field.

Budalin February 4

Local farmers have harvested 20,540 acres of pigeon pea planted in monsoon season in Budalin Township of Sagaing Region, according to the statistics of the township Agriculture Department.

In Budalin Township, up to 34,533 acres of pigeon pea were cultivated during the monsoon crop season. Harvesting of the pigeon pea fields began in December 2025, and as of today, 20,540 acres have been harvested, with an average yield of 17.43 baskets per acre.

"In Budalin Township, pigeon pea has been cultivated on as many as 34,533 acres. Harvesting of these fields is currently under way, and to date, 20,540 acres have already been harvested. Pigeon pea cultivation has exceeded the initially targeted acreage, and measures have been taken to ensure good yields. Farmers grow pigeon pea both as a sole crop and under intercropping systems," said U Phyo Wai, Head of the Budalin Township Department of Agriculture.

In Budalin Township, the Department of Agriculture is providing field-level extension services to pigeon pea farmers, including guidance on selecting quality and pure seeds, applying proper cultivation methods, preventing pest infestations, and improving crop yields.

The township Department of Agriculture is also disseminating techniques that combine the use of urea and potash to help pigeon pea farmers reduce the cost of purchasing foliar fertilizers. The combined use of urea and potash is reported to lower cultivation costs, reduce pest incidence, and promote healthy crop growth.

206

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Farmers expand cultivation of vegetables in Kanbalu Township

Kanbalu February 4

Local farmers could expand sown acreage of vegetables on the croplands in Kanbalu Township of Sagaing Region this year, according to the township Agriculture Department.

During the 2025-2026 winter crop season, Kanbalu Township authorities earmarked to cultivate 7,426 acres of vegetable crops. Planting began in October 2025, and to date, 7,515 acres have been planted, exceeding the original target.

"In Kanbalu Township, 7,426 acres were initially earmarked for vegetable cultivation, but planting has now reached 7,515 acres, surpassing the target. The main crops include mustard greens, chilies, culinary herbs and spices, potatoes, cabbage, eggplant, and cauliflower. Farmers have been provided with technical guidance to ensure that all vegetables are cultivated using the Good Agricultural Practices (GAP) system. We have also given technical support so that vegetables are grown in a health-conscious manner with minimal chemical residues," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

In Kanbalu Township, the Department of Agriculture has supported vegetable farmers by providing technical training on GAP cultivation methods, guidance to ensure that vegetables produced from farms meet health and safety standards, and assistance to encourage the expansion of vegetable cultivation.

Kanbalu Township annually cultivates a wide range of seasonal vegetables. These crops are reported to be growing successfully and contributing to household incomes. The township Department of Agriculture has also been providing awareness and technical guidance to prospective vegetable growers on correct cultivation methods, pest prevention, and the production and use of natural fertilizers, natural pesticides, and bio-pesticides.

206

Homalin Township plant more than 8,000 acres of kidney bean this cold season

Homalin February 4

Statistics of Homalin Township Agriculture Department stated that local farmers planted 8,020 acres of kidney bean as cold season crops in Homalin Township of Sagaing Region this year.

During the 2025-2026 winter crop season, Homalin Township has earmarked 9,497 acres for the cultivation of kidney beans. Planting began in October 2025, and to date, 8,020 acres have already been planted, according to reports.

"During the winter crop season in Homalin Township, more than 9,000 acres were targeted for kidney bean cultivation, and over 8,000 acres have already been planted. We are continuing efforts to meet the full targeted acreage. To ensure good yields and quality of pulse crops, we are working together with farmers to provide quality and pure seed varieties, necessary inputs, and post-harvest technology training," said Daw Su Su Htwe, Head of the Homalin Township Department of Agriculture.

In Homalin Township, the Department of Agriculture is carrying out awareness-raising activities to help kidney bean farmers expand their cultivated acreage, improve yields, adopt Good Agricultural Practices (GAP), use quality and pure seeds, and grow high-yielding varieties.

Crops cultivated using GAP methods are reported to have better quality than those grown using other methods, fetch higher prices, and meet standards suitable not only for domestic markets but also for export markets. As a result, farmers adopting these methods are expected to achieve greater economic benefits.

206

Taze Township grow more than 1,700 acres of vegetables in winter

Taze February 4

YeU District Agriculture Department mentioned that local farmers gew 1,727 acres of vegetables in Taze Township of Sagaing Region this year.

During the 2025-2026 winter crop season, Taze Township planned to cultivate 1,725 acres of vegetable crops. Planting began in October 2025, and as of today, 1,727 acres have been planted, slightly exceeding the target, according to reports.

"In Taze Township, 1,725 acres were earmarked for vegetable cultivation, and we have been able to plant 1,727 acres. The main crops include mustard greens, chilies, culinary herbs and spices, potatoes, cabbage, eggplant, and cauliflower. Farmers have been provided with technical guidance to ensure that all vegetables are cultivated using the Good Agricultural Practices (GAP) system. We have also provided technical support to ensure that vegetables are grown in a health-conscious manner with minimal chemical residues," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

In Taze Township, the Township Department of Agriculture has supported vegetable farmers by providing technical training on GAP cultivation methods, guidance to ensure that vegetables produced from farms meet health and safety standards, and assistance to encourage the expansion of vegetable cultivation.

Taze Township annually cultivates a wide range of seasonal vegetables. These crops are reported to be growing successfully and contributing to household incomes. The township Department of Agriculture has also been providing awareness and technical guidance to prospective vegetable growers on correct cultivation practices, pest prevention, and the production and use of natural fertilizers, natural pesticides, and bio-pesticides.

206

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

ပိုလန်နိုင်ငံက တန်ပြန်ဒရုန်းစနစ်များဝယ်ယူရန် Kongsberg-PGZ ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို

ပိုလန်နိုင်ငံ၏ လက်နက်ခဲယမ်းဝယ်ယူရေးအေဂျင်စီသည် နော်ဝေအခြေစိုက် Kongsberg နှင့် ပိုလန်နိုင်ငံပိုင် PGZ (Polska Grupa Zbrojeniowa)ကုမ္ပဏီတို့ ပူးပေါင်းထားသည့် လုပ်ငန်းစုနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅ ဘီလီယံခန့် တန်ပြန်ဒရုန်းစနစ်များဝယ်ယူရန် စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစာချုပ်သည် ပိုလန်၏ San ဟု အမည်ပေးထားသော လေကြောင်းရန်ကာကွယ်ရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အဆိုပါအစီအစဉ်အရ စုစုပေါင်း တန်ပြန်ဒရုန်းတပ်ခွဲ ၁၈ ခွဲကို တည်ဆောက်သွားမည်ဖြစ်သည်။ ယင်းစနစ်၏ အဓိကကျောရိုးမှာ Kongsberg ကုမ္ပဏီထုတ် Protector ဟုခေါ်သော အဝေးထိန်းစနစ်သုံး လက်နက်စနစ်ဖြစ်ပြီး ၎င်းတွင် စက်အမြောက်များ၊ ဒုံးကျည်များနှင့် ရန်သူ့ဒရုန်းများကို ကြားဖြတ်ဟန့်တားမည့် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများ စသည့်လက်နက်မျိုးစုံကို တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

သဘောတူညီချက်အရ ပိုလန်နိုင်ငံ အဆင့်မြင့်တန်ပြန်ဒရုန်းစနစ်သည် အာရုံအချိတ်အဆက်မိမိ ပေါင်းစပ်ပေးမည့် အပြင် ပိုလန်နိုင်ငံ၏ လက်ရှိလေကြောင်းရန်ကာကွယ်ရေးစနစ် တစ်ခုလုံးနှင့်လည်း အဆင်ပြေချောမွေ့စွာ အတူတကွအလုပ်လုပ်နိုင်ရန် အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီစီမံကိန်းဟာ ပိုလန်နိုင်ငံကို ဒေသတွင်း တန်ပြန်ဒရုန်းနည်းပညာရဲ့ဗဟိုချက်အဖြစ် ခိုင်မာစေမှာဖြစ်သလို Kongsberg ကုမ္ပဏီကိုလဲ ဥရောပရဲ့ ဦးဆောင် anti-drone ကုမ္ပဏီအဖြစ်ရပ်တည်စေမှာပါ"ဟု Kongsberg ကုမ္ပဏီ၏ ဥက္ကဋ္ဌ Eirik Lie က ပြောကြားခဲ့သည်။

ဤပူးပေါင်းဆောင်ရွက်မှုသည် NATO အဖွဲ့ဝင်နိုင်ငံများကြား စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို ပြသနေပြီး ဥရောပ၏ လုံခြုံရေးနှင့်ဒရုန်းရန်ကာကွယ်ရေးတံတိုင်းကို ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်သည်။

Protector လက်နက်စနစ်သည် ကြည်းတပ်နှင့်ရေတပ်သုံး ပလက်ဖောင်းအမျိုးမျိုးတွင် တပ်ဆင်နိုင်သည့်အပြင် အထိုင်ချစနစ်နှင့် ရွှေ့လျားယာဉ်တင်စနစ်နှစ်မျိုးစလုံးတွင် အသုံးပြုနိုင်သည်။ ၎င်းကို မတူညီသောစစ်ဆင်ရေးလိုအပ်ချက်များအပေါ်မူတည်၍ Medium Caliber Turret (MCT30)၊ RS4 နှင့် RS6 ဟူ၍ အဝေးထိန်းလက်နက်စနစ်၊ ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်ထားသည်။

ဤစနစ်၏ အစိတ်အပိုင်းများကို ပုံစံတူစနစ်ဖြင့် ဖွဲ့စည်းထားသောကြောင့် လက်နက်ငယ်များမှသည် အလတ်စား အလိုအလျောက် အမြောက်များထိ စိတ်ကြိုက်ပြောင်းလဲတပ်ဆင်နိုင်သည်။ ၅ ဒသမ ၅၆ မီလီမီတာ စက်သေနတ်များမှသည် ၃၀x၁၁၃ မီလီမီတာ အပေါ့စား အမြောက်များ၊ ၃၀x၁၇၃ မီလီမီတာနှင့် ၄၀x၁၈၀ မီလီမီတာ အလတ်စားအမြောက်ကြီးများထိ Payload အမျိုးမျိုးကို အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်ပစ်ခတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ခေတ်မီကင်မရာနှင့် အာရုံခံစနစ်များကြောင့် နေ့၊ ညမရွေး တိကျစွာပစ်ခတ်နိုင်သည်။ အထူးသဖြင့် RS4 အမျိုးအစားလက်နက်သည် ပတ်လည်လှည့်နှုန်း တစ်စက္ကန့်လျှင် ၉၀ ဒီဂရီထိရှိခြင်း၊ အနိမ့်၊ အမြင့် တစ်စက္ကန့်လျှင် ၇၀ ဒီဂရီထိ ချိန်ရွယ်နိုင်ခြင်းတို့ကြောင့် ရုတ်တရက်ပေါ်ပေါက်လာသောဒရုန်းများ သို့မဟုတ် ရန်သူ့ပစ်မှတ်များကို လျင်မြန်စွာခြေရာခံကာ တိကျစွာ ပစ်ခတ်ချေမှုန်းနိုင်ကြောင်း သိရသည်။

Poland Awards Kongsberg–PGZ $1.65B Counter Drone System Contract ကို ဘာသာပြန်ဆိုထားပါသည်။

အမေရိကန်မရိန်းတပ်ဖွဲ့က ဗိုင်ဘာအော့တစ်ကြိုးတပ်ဆင်ထားသော FPV ဒရုန်းများကို အောင်မြင်စွာစမ်းသပ်ခဲ့

အမေရိကန်မရိန်းတပ်ဖွဲ့သည် အီလက်ထရွန်နစ်နှောင့်ယှက်မှုများကြောင့် ဒရုန်းများထိန်းချုပ်မှုလက္ခဏာရပ်များပျက်ပြားနေသည့် စစ်မြေပြင်စိန်ခေါ်မှုများကို ကျော်လွှားရန်အတွက် ဗိုင်ဘာအော့တစ်ကြိုးတပ်ဆင်ထားသော FPV ဒရုန်းများကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့သည်ဟု Army Recognition သတင်းဌာနက ဧန်နဝါရီ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ် Camp Pendleton အခြေစိုက်စခန်းတွင် အမေရိကန်မရိန်းတပ်ဖွဲ့နှင့် ကာကွယ်ရေးဆန်းသစ်တီထွင်မှုဌာနတို့ပူးပေါင်းကာ အဆိုပါဒရုန်းစမ်းသပ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယခုစမ်းသပ်မှုသည် GPS စနစ်နှင့် ရေဒီယိုလှိုင်းများကို ရန်သူက အီလက်ထရွန်နစ်စစ်ဆင်ရေးဖြင့် နှောင့်ယှက်ဖျက်ဆီးထားသည့်တိုင် ဒရုန်းများကို ကြိုးဖြင့်ချိတ်ဆက်ကာ မည်ကဲ့သို့ ထိရောက်စွာဆက်လက်စေခိုင်းနိုင်မည်နည်းဟူသော အချက်ကို အဓိက ထားစစ်ဆေးခဲ့ခြင်းဖြစ်သည်။

အဆိုပါစစ်မှုတွင် အမှတ်(၁) မရိန်းတပ်မကြီး၊ အမှတ်(၃)သံချပ်ကာကင်းထောက်တပ်ရင်းမှ မရိန်းတပ်ဖွဲ့ဝင်များ ပါဝင်ခဲ့ကြသည်။ ၎င်းတို့သည် သမားရိုးကျဒရုန်းများ နှောင့်ယှက်ဖျက်ဆီးမှု၊ လမ်းကြောင်းမှားအောင် ပြုလုပ်မှုနှင့် အချက်ပြလှိုင်း ဖြတ်တောက်မှုတို့ကို ရင်ဆိုင်ရသည့် ပတ်ဝန်းကျင်မျိုးတွင် ဗိုင်ဘာအော့တစ်ကြိုးဖြင့် ထိန်းချုပ်သည့် FPV ဒရုန်းများက စိတ်ချရသော စေခိုင်းမှု၊ လမ်းကြောင်းရှာဖွေမှုနှင့် တိုက်ရိုက်ရုပ်သံထုတ်လွှင့်မှုတို့ကို မပြတ်မတောက်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိကို အသေးစိတ်အကဲဖြတ်စမ်းသပ်ခဲ့သည်။

ဝိုင်ယာလက်ဆက်သွယ်ရေးစနစ်ကို အသုံးပြုသည့် သမားရိုးကျဒရုန်းငယ်များနှင့်မတူဘဲ ဗိုင်ဘာအော့တစ်ကြိုးတပ်ဆင်ထားသော FPV ဒရုန်းများသည် စက်ပစ္စည်းနှင့် စေခိုင်းသူကြား ပျံသန်းမှုအမိန့်ပေးချက်များနှင့် အာရုံခံအချက်အလက်များကို ပေးပို့ရန်အတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဗိုင်ဘာကေဘယ်ကြိုးကိုသာ အသုံးပြုခြင်းဖြစ်သည်။

ယခုတစ်ကြိမ် ရေပြင်စစ်မှုတွင် မရိန်းတပ်ရင်း၊ တပ်ဖွဲ့များမှ အရည်အချင်းပြည့်ဝသော ဒရုန်းမောင်းသူ မရိန်းတပ်ဖွဲ့ဝင်များပါဝင်ခဲ့ကြသည်။ ပင်လယ်ရေပြင်တွင် စမ်းသပ်ခြင်းဖြစ်၍ လေတိုက်နှုန်း၊ ရေပြင်မှအလင်းပြန်မှုနှင့် ဒရုန်းပျက်ကျပါက ပြန်လည်ဆယ်ယူရန်ခက်ခဲမှု စသည့် စိန်ခေါ်မှုများကြားမှ ဒရုန်း၏ လှုပ်ရှားရုန်းကန်နိုင်စွမ်း၊ တို့ပြန်မှုနှုန်းနှင့် ရုပ်သံကြည်လင်မှုတို့ကို အသေးစိတ်အကဲဖြတ်ခဲ့သည်။ ဤအခြေအနေများသည် နောင်တွင် ရင်ဆိုင်ရမည့် ကမ်းတက်စစ်ဆင်ရေးများနှင့် ကမ်းရိုးတန်းစစ်ဆင်ရေးများရှိ လက်တွေ့အခက်အခဲများကို ပုံတူကူးထားခြင်းပင်ဖြစ်သည်။

လတ်တလောဖြစ်ပွားနေသော ကမ္ဘာ့ပဋိပက္ခများတွင် သမားရိုးကျဒရုန်းများသည် လွှတ်တင်ပြီး မိနစ်ပိုင်းအတွင်းမှာပင် ပြင်းထန်သော အီလက်ထရွန်နစ်နှောင့်ယှက်မှုများကြောင့် အသုံးမဝင်ဖြစ်ခဲ့ရသည်။ သို့သော် ဗိုင်ဘာအော့တစ်စနစ်သည် လုံခြုံစိတ်ချရပြီး ပြတ်တောက်မှုမရှိသော အချက်အလက်ပေးပို့မှုကို အာမခံနိုင်သဖြင့် ရန်သူ့နှောင့်ယှက်မှုများပြည့်နှက်နေသောနယ်မြေများအတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ စစ်မြေပြင်သတင်းအချက်အလက်ကို ရယူပေးနိုင်သည်။ ဤစွမ်းဆောင်ရည်သည် မရိန်းတပ်ဖွဲ့၏ ဦးစားပေးလုပ်ငန်းစဉ်များဖြစ်သော ဖြန့်ခွဲစစ်ဆင်ရေးနှင့် အန္တရာယ်ဇုန်အတွင်း ရှင်သန်နိုင်စွမ်းတို့ကို တိုက်ရိုက်အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အပေါ့စား သံချပ်ကာကင်းထောက်တပ်ဖွဲ့(LAR)များအတွက်မူ ဗိုင်ဘာအော့တစ် FPV ဒရုန်းများကို အသုံးပြုခြင်းသည် အီလက်ထရွန်နစ်နည်းလမ်းဖြင့် ခြေရာခံ ခံရမည့်အန္တရာယ်ကို အနည်းဆုံးသို့ လျှော့ချပေးနိုင်သလို မိမိတို့၏ အာရုံခံကိရိယာများ ထိုးဖောက်နိုင်စွမ်းကိုလည်း သိသိသာသာ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ သို့သော်လည်း လက်တွေ့အသုံးချရာတွင် ဗိုင်ဘာကြိုး၏ အရှည်ပမာဏ၊ ကြိုးတပ်ဆင်ထားသဖြင့် ပြင်ပမှ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးနိုင်ခြေရှိမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာအခက်အခဲများမှာမူ မရိန်းတပ်ဖွဲ့အနေဖြင့်ဆက်လက်စူးစမ်းအကဲဖြတ်နေရဆဲဖြစ်သည့် စိန်ခေါ်မှုများပင်ဖြစ်ကြောင်း သိရသည်။

U.S. Marines Test Fiber-Optic FPV Drones to Defeat Jamming in Over-Water Operations ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၇၂၀၀၀ စိုက်ပျိုးမည်

ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

ရွှေဘို ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၇၂၀၀၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးရန် အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၈၁၂ ဧက၊ ခင်ဦးမြို့နယ်တွင် ၃၃၁၈ ဧက၊ ဝက်လက်မြို့နယ်တွင် ၅၀၅၆၁ ဧက စုစုပေါင်းဧက ၇၂၀၀၀ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ နှမ်းက ၇၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွဲ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

သာယာဝတီမြို့နယ် အရှေ့စုကျေးရွာ၌ ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

သာယာဝတီ ဖေဖော်ဝါရီ ၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အရှေ့စုကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်နှင့် ဝန်ထမ်းများက လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ အရှေ့စုကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အရှေ့စုကျေးရွာ၌ အရှည် ပေ ၃၉၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁၅ သိန်း ၀၃၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် DNT ကုမ္ပဏီက ၂၀၂၅ ခုနှစ် ဇွန်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက အရှေ့စုကျေးရွာမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

မြောင်းမြ ဖေဖော်ဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၀၂၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ စားဖိုဆောင်သီးနှံ ၃၀၂၁ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ သီးနှံတွေအောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကြိုတင်

ဆောင်ရွက် ပေးထားပါတယ်။ စားဖိုဆောင်သီးနှံ စိုက်ပျိုးရာမှာ ဒေသနဲ့ကိုက်ညီတဲ့ သီးနှံတွေ အဓိကစိုက်ပျိုးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

တန့်ယန်းမြို့နယ် ဟိုနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တန့်ယန်း ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုနားကျေးရွာနှင့် ခုံကွတ်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ဟိုနားကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၀၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟိုနားကျေးရွာနှင့် ခုံကွတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၀၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွှန့်**

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးဘဏ်ထွန်း တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဘဏ်ထွန်းသည် ယမန်နေ့က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမြို့တော်ခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှတာဝန်ရှိသူများ၊စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ (Agro-Based Industries)ကို အားပေးမြှင့်တင်ရန် ခိုင်မာသည့် မူဝါဒများချမှတ်၍ အရှိန်အဟုန်ဖြင့်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထိုသို့ကုန်ထုတ်လုပ်ငန်းများ အပြည့်အဝလည်ပတ်နိုင်ရေးအတွက် အဓိကလိုအပ်သည့် အခြေခံအဆောက်အအုံသည် လျှပ်စစ်ဓာတ်အားဖြစ်သည့်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကိုပြည့်ဝစွာထုတ်လုပ်ပေးနိုင်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားထုတ်လုပ်ပေးနိုင်ရေးအလေးထား စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည့် အရင်းအမြစ်အလိုက် တပ်ဆင်စက်အင်အားများမှာ ရေအားလျှပ်စစ်စက်ရုံ ၃၂ ရုံ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံ ၂၄ ရုံ၊ ကျောက်မီးသွေးသုံးစက်ရုံ နှစ်ရုံ၊ နေရောင်ခြည်သုံးစွမ်းအင်စက်ရုံ ၁၂ ရုံ စုစုပေါင်း တပ်ဆင်စက်အင်အားမှာ ၆၇၂၅ မဂ္ဂါဝပ် ထိရှိပြီး စက်စွမ်းအားပြည့်မောင်းနှင်နိုင်ပါက မဂ္ဂါဝပ် ၄၀၀၀ ခန့်ထိ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်သောအခြေအနေဖြစ်သော်လည်း အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်ဖျက်ဆီးမှုများနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုတဖြည်းဖြည်းလျော့နည်းခဲ့ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၆၀၀ ကျော်မှာ လျော့နည်းထုတ်လုပ်ရရှိသဖြင့် တစ်ရက်လျှင်မဂ္ဂါဝပ် ၃၀၀၀ ခန့်သာ ထုတ်လုပ်နိုင်ခဲ့ပြီး အချို့နေရာများတွင် အချိန်ပိုင်း အလှည့်ကျစနစ်ဖြင့်သာဖြန့်ဖြူးပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယင်းအခက်အခဲများကိုကျော်လွှားနိုင်ရန် ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းပေါင်းစုံဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဖျက်ဆီးခံရသည့်ဓာတ်အားလိုင်းများနှင့် ခွဲရုံများကို အချိန်နှင့်တစ်ပြေးညီပြုပြင်ခြင်းဆောင်ရွက်လျက်ရှိသကဲ့သို့ LNG မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ဈေးနှုန်းကြီးမြင့်သော်လည်း လိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရေး စက်မှုဇုန်များမှ အချိန်ပြည့်ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ အချိန်တိုအတွင်းရရှိမည့် LNG ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ LNG စီမံကိန်းကို ၂၀၂၃ ခုနှစ်မတိုင်မီကတည်းက LNG TO POWER ထုတ်လုပ်ပြီး စက်မှုဇုန်များသို့ပေးရန်လျာထားဆောင်ရွက်ခဲ့ပြီး မဂ္ဂါဝပ် ၅၀၀ LNG ဓာတ်အားပေးစက်ရုံစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုနှစ် ဇန်နဝါရီ ၁၄ ရက်မှစ၍ ယင်းစက်ရုံမှ ဓာတ်အားမဂ္ဂါဝပ် ၅၀၀ ကို စတင်ဖြည့်တင်းပေးနိုင်ခဲ့ပါကြောင်း၊ LNG ဖြင့် ထုတ်လုပ်ခြင်းမှာ ကုန်ကျစရိတ်မြင့်မားသော်လည်း စက်မှုကဏ္ဍကုန်ထုတ်လုပ်မှုများ အရှိန်အဟုန်မပျက်စေရန် ရည်ရွယ်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် "LNG to Industry"ကို အထူးအလေးပေးဖော်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဓာတ်အားစဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်မှုအခြေအနေကို ဆက်လက်ထိန်းသိမ်းရန်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ်မျှတစေရန်အတွက် စက်မှုနှင့်စီးပွားရေးလုပ်ငန်းများသို့ "စီးပွားရေးနှုန်းထား (Economic Rate)" တစ်ခုသတ်မှတ်ပြီး ယခုဖေဖော်ဝါရီလအသုံးမှစ၍ ဓာတ်အားခနှုန်းထားသစ် ၄ကျပ် ၉၀၀ ဖြင့် ကောက်ခံသွားမည်ဖြစ်သည့်အတွက် ဇန်နဝါရီလ အသုံးယူနစ်များကို မီတာဖတ်သူနှင့် သုံးစွဲသူနှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးသွားရန်လိုအပ်ပါကြောင်း၊ ဓာတ်အားခနှုန်းထားတိုးမြှင့်သွားသော်လည်း လုပ်ငန်းရှင်များအတွက် ခိုင်မာသောစွမ်းအင်အာမခံချက်ရှိသည့် ကုန်ထုတ်လုပ်မှုဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးခြင်းဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် မိမိတို့လုပ်ငန်းများအောင်မြင်စွာတိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုသုံးစွဲနေသော ဓာတ်အားခနှုန်းထားများအနေဖြင့် ယခင်နှုန်းထားအတိုင်းဖြစ်ပါကြောင်း၊ ယခင်စက်မှုလုပ်ငန်းများတွင် သုံးစွဲခဲ့သည့်ဓာတ်အားများကို ပြည်သူလူထုက ပိုမိုသုံးစွဲနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုလုပ်ငန်းရှင်များက အားလုံးလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း အဓိက စက်မှုဇုန်များ၏အခြေအနေ၊ စက်မှုလုပ်ငန်းရှင်များအတွက် ခိုင်မာသောစွမ်းအင်အာမခံချက်ရှိသည့် ကုန်ထုတ်လုပ်မှုဝန်းကျင်ကောင်းတစ်ခုကိုဖန်တီးပေးရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် LNGမှ ဓာတ်အားထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့မှု၊ အခက်အခဲများ၊လက်ရှိဓာတ်အားထုတ်လုပ်နေမှု၊ အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် မဟာဓာတ်အားလိုင်းများပြုပြင်ဆောင်ရွက်မှု၊ LNG to Powerဓာတ်အားပေးစက်ရုံများမှ ဓာတ်အားမဂ္ဂါဝပ် ၅၀၀ စတင်ထုတ်လုပ်နိုင်မှုအရ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်၊ စက်မှုလက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများသို့ ဓာတ်အားဖြန့်ဖြူးပေးမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက စက်မှုနှင့်စီးပွားရေးလုပ်ငန်းများသို့ သတ်မှတ်နှုန်းထားအသစ်ဖြင့် ဓာတ်အားခကောက်ခံဆောင်ရွက်မည့် အခြေအနေနှင့် ဓာတ်အားခတိုးမြှင့်ကောက်ခံမှုအပေါ် အားသာချက်၊အားနည်းချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❑ **စာမေးပွဲဖြေဆိုမှုအဆက်**

စာမေးပွဲဖြေဆိုမှု ကျောင်းသား၊ ကျောင်းသူ ဦးရေ၊ စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့် အညီ စာမေးပွဲကျင်းပနေမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာဖြင့်စာမေးပွဲပြီးဆုံးသည်ထိ ဖြေဆိုသွားရေး၊ စာမေးပွဲစည်းမျဉ်းစည်းကမ်းညွှန်ကြားချက်များအတိုင်းအလေးထားကာ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊တိုင်းဒေသကြီး၊ခရိုင်၊မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ဆရာမများနှင့်တွေ့ဆုံ၍ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် လူငယ်များအချိန်ကိုအကျိုးရှိစွာအသုံးချသွားနိုင်ရန်၊ လူငယ်များ၏အနာဂတ်အတွက် အမှန်တကယ် အသုံးဝင်ပြီး ဖန်တီးနိုင်စွမ်း၊ စိတ်ကူးဉာဏ် ဖွံ့ဖြိုးမှု၊ ကာယဉာဏစွမ်းရည်များရရှိစေကာ ဘဝအတွက်အထောက်အကူပြုသည့် နွေရာသီရက်တို့ အခြေခံသင်တန်းများ ဖွင့်လှစ်သွားနိုင်ရန်တို့ကို အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအဆင့်(ကျောင်းတွင်းစစ်) နှစ်ဆုံးတတ်မြောက်မှု စစ်ဆေးခြင်းစာမေးပွဲများကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့မှ ဖြေဆိုရန်စာရင်းရှိ ကျောင်းသား၊ ကျောင်းသူဦးရေ ၈၇၀၀၀၀ ကျော်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

ဆရာဝန်(သစ်လွင်)နှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များကို နိုင်ငံဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၄

ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)နှင့် သွားနှင့်ခံတွင်း ဆရာဝန်(သစ်လွင်)များကို နိုင်ငံဝန်ထမ်းပြန်တမ်းဝင် အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေထိုင်နိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေးတို့ကို ရည်မှန်းချက်ထားလုပ်ဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က နိုင်ငံတော်၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအလေးပေးမှာကြား၍လိုအပ်ချက်များကို စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် နောက်ပိုင်းမှစ၍ ကျန်းမာရေးဝန်ထမ်းများကို ပညာရှင်ထောက်ပံ့ကြေး၊ ဘွဲ့လွန်ထောက်ပံ့ကြေး၊ ဘေးအန္တရာယ်ရှိနိုင်မှုအတွက် ထောက်ပံ့ကြေး(Risk allowance)၊ ဆေးရုံညတာဝန်ကျထောက်ပံ့ကြေး(Night duty allowance) စသည်တို့ကို ချီးမြှင့်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ သူနာပြုသင်တန်းကျောင်းများကို သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ရန် စီစဉ်ခြင်း၊ တိုးမြှင့်ပေးအပ်ရန် စီစဉ်ပေးခြင်းတို့ကို အသိအမှတ်ပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်သူ့ဆေးရုံများတွင် ခေတ်နှင့်အညီ ရောဂါရှာဖွေဖော်ထုတ်ခြင်း၊ ကုသခြင်း လုပ်ငန်းစဉ်များကို နိုင်ငံတကာနည်းစနစ်များနှင့် လိုက်လျောညီထွေခေတ်မီစေရေးကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်များကို စွမ်းရည်မြှင့်တင်ခြင်း၊ ဆေးရုံသုံးစက်ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင်ခြင်း၊ လိုအပ်သည့် စက်ပစ္စည်းများကို အသစ်တပ်ဆင်ခြင်း၊ ဆေးရုံများ၏ ဥပဓိရုပ်ကောင်းမွန်စေရေး၊ ဆေးရုံအင်္ဂါရုပ်များနှင့် ညီညွတ်စေရေး၊ လိုအပ်ချက်ရှိသည့်ဆေးရုံများတွင် လူနာဆောင်များတိုးချဲ့တည်ဆောက်ရေး၊ ကျန်းမာရေးဝန်ထမ်းများ နေထိုင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်းတည်ဆောက်ရေးစသည့် လုပ်ငန်းစဉ်များကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်ပံ့ပိုးပေးမှုနှင့် အတူ မျက်ခြည်မပြတ်ဆန်းစစ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနတွင် ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဖြည့်ဆည်းနိုင်ရေးစီစဉ်ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ဆရာဝန်(သစ်လွင်) စုစုပေါင်း ၂၆၃၃ ဦး၊ သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်) စုစုပေါင်း ၃၅၂ ဦး၊ BNSc(သူနာပြုသိပ္ပံဘွဲ့)ရ ၄၄၇ ဦး၊ သူနာပြုဒီပလိုမာဘွဲ့ရ ၅၈၉၉ ဦး၊ သားဖွားဒီပလိုမာဘွဲ့ရ ၁၈၅ ဦး၊ အကူသူနာပြု ၃၁၇၇ ဦး၊ ဆေးဝါးသိပ္ပံဘွဲ့ရ ၂၃၇ ဦး၊ ဆေးဘက်နည်းပညာဘွဲ့ရ ၅၃၈ ဦး၊ ကျွမ်းကျင်အဆင့်(၄) ဝန်ထမ်းဦးရေ ၃၁၇ ဦးတို့ကိုခန့်အပ်တာဝန်ပေးနိုင်ခဲ့ပါကြောင်း။

မိမိတို့၏ Professional Career တိုးတက်မြင့်မားစေရေးအတွက် သတ်မှတ်ကာလပြည့်မြောက်သည်နှင့် ဘာသာရပ်အလိုက် ဘွဲ့လွန်ဝင်ခွင့်သင်တန်းစာမေးပွဲများ ဝင်ရောက်ဖြေဆိုခွင့်ပြုထားသည့်အပြင် နိုင်ငံတကာအသိအမှတ်ပြုစာမေးပွဲများကိုလည်း ဝင်ရောက်ဖြေဆိုခွင့်ပြုထားပါကြောင်း၊နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာကျင့်ကြံနေထိုင်ရင်း နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှက နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အဆိုပါအခမ်းအနားတွင် ဆရာဝန်(သစ်လွင်) ၁၆၃ ဦးနှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်) ဦးရေ ၁၁၀ တို့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ) တတိယအကြိမ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ) တတိယအကြိမ် လွှဲပြောင်းပေးအပ်ခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမြို့ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ) တတိယအကြိမ်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအိမ်ရာ၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့်တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ) တတိယအကြိမ် လွှဲပြောင်းပေးအပ်ခြင်းကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအိမ်ရာ ဓမ္မာရုံဆောက်လုပ်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့ကလှူဒါန်းသည့် ငွေကျပ်သိန်း ၆၀၀ နှင့် ဘိလပ်မြေ အိတ် ၅၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးက လက်ခံရယူသည်။

ဂုဏ်နောက် တိုင်းမှူးက နေထိုင်ခွင့်ရရှိသော စစ်မှုထမ်းဟောင်းမိသားစုဝင်များကို နေထိုင်ခွင့်ကတ်ပြားနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ စစ်မှုထမ်းဟောင်းမိသားစုဝင်များကိုယ်စား စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးက လက်ခံရယူသည်။

ဂုဏ်နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့ မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအတွက် ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှု ခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

အကောင်အထည်ဖော်ရန်နည်းလမ်း၊ တည်ဆောက်မှုလုပ်ငန်းလိုအပ်ချက်များဖြည့်တင်းခြင်း၊ လုပ်ငန်းစီမံကိန်းမစတင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ တည်ဆောက်မှုလုပ်ငန်းစဉ်၊ ပါဝင်ဆောင်ရွက်သူများ၊ တည်ဆောက်သည့် လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း၊ တည်ဆောက်ရေးနှင့်သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

(ခ) **တည်ဆောက်ရေးနှင့်သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့မဟုတ် နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေဖြင့်ဆောင်ရွက်သည့် သို့မဟုတ် နိုင်ငံတော်ပိုင်ဆိုင်သည့်အရင်းအမြစ်များနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုတို့ဖြင့် အကျိုးတူပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေခံအဆောက်အအုံ သို့မဟုတ် အခြားလိုအပ်သည့် တည်ဆောက်မှုလုပ်ငန်းကိုဖြစ်စေ၊ ကိုယ်ပိုင်ငွေကြေးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အများပြည်သူသုံးအဆောက်အအုံ သို့မဟုတ် လူနေအိမ်ကိုဖြစ်စေ ဆောက်လုပ်ခြင်း၊ တိုးချဲ့မွမ်းမံခြင်း၊ ထိန်းသိမ်းပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းနှင့် ဆောက်လုပ်မွမ်းမံပြင်ဆင်ရန် ဒီဇိုင်းပုံစံများထုတ်ခြင်း၊ ကုန်ကျစရိတ်တွက်ချက်ခြင်း၊ လုပ်ငန်းအရည်အသွေးစစ်ဆေးခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်း စီမံခန့်ခွဲခြင်းလုပ်ငန်းများကိုဆိုသည်။

(ဂ) **အခြေခံအဆောက်အအုံ**ဆိုသည်မှာ နိုင်ငံတော်အတွက် လိုအပ်သော အဆောက်အအုံ၊ လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ ဆိပ်ကမ်း၊ ဆည်မြောင်းတာတမံ၊ လျှပ်စစ်ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်း၊ မီးရထားဘူတာရုံ၊ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ၊ မြို့တော်ခန်းမ၊ စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ စွမ်းအင်နှင့် ဆက်သွယ်ရေးကွန်ရက်စသည့် အဆောက်အအုံများကိုဆိုသည်။

(ဃ) **ထိန်းသိမ်းပြင်ဆင်ခြင်း**ဆိုသည်မှာ မူလအသုံးပြုမှုပုံစံအရည်အသွေးအတိုင်း ပျက်စီးယိုယွင်းမှုမရှိစေရေး သို့မဟုတ် ပိုမိုကောင်းမွန်စေရေးအတွက် ပြင်ဆင်၍ ထိန်းသိမ်းကာကွယ်ခြင်းကိုဆိုသည်။

(င) **လုပ်ငန်းစီမံကိန်းမစတင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်**ဆိုသည်မှာ စီမံချက်ရေးဆွဲခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ဒီဇိုင်းပုံစံများထုတ်ခြင်း၊ ကုန်ကျစရိတ်နှင့်ရရှိမည့် လုပ်ဆောင်မှုရလဒ်စိစစ်ခြင်းတို့ကိုဆိုသည်။

(စ) **တည်ဆောက်မှုလုပ်ငန်းစဉ်**ဆိုသည်မှာ တည်ဆောက်ရေးစီမံကိန်းများ စတင်ရန်အတွက် လိုအပ်သည့် သတ်မှတ်အရည်အချင်းရှိသည့် ကျွမ်းကျင်ပညာရှင်များ၊ ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာဝန်ဆောင်မှုအဖွဲ့များကို ရွေးချယ်တာဝန်ပေးအပ်ခြင်း၊ လုပ်ငန်းလုပ်ဆောင်သည့် တည်ဆောက်သူများ၊ တည်ဆောက်ရေးပစ္စည်း၊ ယာဉ်ယန္တရားများနှင့် စက်ကိရိယာများကို သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရွေးချယ်ဆောင်ရွက်ခြင်း၊ တည်ဆောက်ရေးနည်းလမ်းများ သတ်မှတ်ခြင်း၊ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးချမှုပြောင်းလဲခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အစားထိုးပြုပြင် အဆင့်မြှင့်ခြင်း၊ တစ်စိတ်တစ်ပိုင်း ဖျက်သိမ်းခြင်း၊ အားလုံးဖျက်သိမ်းရှင်းလင်းခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အပြီးသတ်ခြင်းနှင့် မှတ်တမ်းတင်၍ လိုအပ်ချက်များရှိပါက ပြင်ဆင်ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။

(ဆ) **အများပြည်သူသုံးအဆောက်အအုံ**ဆိုသည်မှာ ရုံး၊ စာသင်ကျောင်း၊ တက္ကသိုလ်၊ စာကြည့်တိုက်၊ ဘာသာရေးဆိုင်ရာအဆောက်အအုံ၊ ကားရပ်နားရန်နေရာ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အဆောက်အအုံ၊ ဆေးရုံ၊ ရုပ်ရှင်ရုံ၊ အားကစားကွင်း၊ အားကစားရုံ၊ ခန်းမ၊ ဈေး၊ ကုန်တိုက်၊ ဘဏ်နှင့် ဟိုတယ်စသည့် အများပြည်သူနှင့်သက်ဆိုင်သည့် အဆောက်အအုံများကိုဆိုသည်။

(ဇ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကိုဆိုသည်။

(ဈ) **ဦးစီးကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားသည့်ကော်မတီကိုဆိုသည်။

(ည) **ဒေသဆိုင်ရာကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုဆိုသည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကိုဆိုသည်။

(ဌ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနမှတစ်ပါး ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သော အခြားဝန်ကြီးဌာနကိုဆိုသည်။

(ဍ) **ဦးစီးဌာန**ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနကိုဆိုသည်။

(ဎ) **သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်း**ဆိုသည်မှာ ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သော ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးဌာန၊ အစိုးရအဖွဲ့အစည်းကိုဆိုသည်။

(ဏ) **လုပ်ငန်းပိုင်ရှင်**ဆိုသည်မှာ ပြည်ထောင်စု၏ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် တည်ဆောက်ရေးနှင့်သက်ဆိုင်သော စီမံကိန်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း၊ လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊ လုပ်ငန်းတန်ဖိုးပေးချေခြင်း၊ စစ်ဆေးလက်ခံခြင်း၊ ပိုင်ဆိုင်အသုံးပြုခြင်းတို့ဆောင်ရွက်သည့်အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများဖြင့်ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းများနှင့်ပတ်သက်သည့်ကိစ္စရပ်များကို တာဝန်ယူစီမံဆောင်ရွက်သည့် အဖွဲ့အစည်းများ သို့မဟုတ် စီမံကိန်းလုပ်ငန်းများကို နိုင်ငံတော်ပိုင်ဆိုင်သည့် အရင်းအမြစ်များနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုတို့ဖြင့် အကျိုးတူပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကုမ္ပဏီ သို့မဟုတ် ကိုယ်ပိုင်ငွေကြေးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ၏ ပုဂ္ဂလိကလုပ်ငန်းရှင် သို့မဟုတ် ကုမ္ပဏီကိုဖြစ်စေ၊ ပုဂ္ဂလိကနေအိမ်များ၏ အိမ်ရှင်ကိုဖြစ်စေဆိုသည်။

(တ) **တည်ဆောက်သူ(ကန်ထရိုက်တာ)**ဆိုသည်မှာ ဆောက်လုပ်ခြင်း၊ တိုးချဲ့မွမ်းမံခြင်း၊ ထိန်းသိမ်းပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းစသည့် တည်ဆောက်ရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီ၍ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ထ) **အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့**ဆိုသည်မှာ နည်းပညာဆိုင်ရာ အတိုင်ပင်ခံ၊ အကြံပေးလုပ်ငန်းများကိုဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီ၍ ဦးစီးဌာနက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဒ) **လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့**ဆိုသည်မှာ တည်ဆောက်ရေးနှင့်သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းတစ်မျိုးမျိုးကို တည်ဆောက်သူက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲခြင်း၊ တည်ဆောက်နေစဉ်ကာလတွင် ကြီးကြပ်ခြင်း၊ တည်ဆောက်ပြီး နောက်ပိုင်း ဆန်းစစ်သုံးသပ်ခြင်းတို့ကိုဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီ၍ ဦးစီးဌာနက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဓ) **လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ တည်ဆောက်ရေးနှင့် သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းတစ်မျိုးမျိုးကို ဒီဇိုင်းပုံစံများနှင့်အညီ တည်ဆောက်ခြင်း ရှိ/မရှိ၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းနယ်ပယ်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိတို့ကို စစ်ဆေးရန် သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီ၍ ဦးစီးဌာနက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(န) **ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာဝန်ဆောင်မှုအဖွဲ့**ဆိုသည်မှာ ဗိသုကာနှင့် ဖွဲ့စည်းတည်ဆောက်ပုံ ဒီဇိုင်းများထုတ်ခြင်း၊ တည်ဆောက်ရေးခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ခြင်း၊ မြေစမ်းသပ်ခြင်း သို့မဟုတ် ဘူမိနည်းပညာဆိုင်ရာ အထူးပြုဆောင်ရွက်ရသော အုတ်မြစ်လုပ်ငန်းကိုဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီ၍ မြန်မာနိုင်ငံ ဗိသုကာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော လူပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းထားသည့် ဝန်ဆောင်မှုကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ပ) **တတိယအဖွဲ့အစည်း**ဆိုသည်မှာ လုပ်ငန်းပိုင်ရှင်၊ တည်ဆောက်သူ၊ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့တို့နှင့်ပတ်သက်ဆက်နွယ်မှုမရှိသည့် တည်ဆောက်ရေးဘာသာရပ်ဆိုင်ရာနှင့် တည်ဆောက်ရေးနှင့် နီးနွယ်ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့်ဖွဲ့စည်းပြီး အထပ်မြင့်နှင့်အများပြည်သူသုံးအဆောက်အအုံ၊ အခြေခံအဆောက်အအုံများကို ဒီဇိုင်းပုံစံစစ်ဆေးခြင်း၊ တည်ဆောက်ရေးကာလအတွင်း လိုအပ်သလို စစ်ဆေးခြင်းပြုရန် အရည်အချင်းများပြည့်မီ၍ ဦးစီးဌာနက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဖ) **လုပ်ငန်းခွင်ကြီးကြပ်သူ**ဆိုသည်မှာ သက်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်တွင် လုပ်ငန်းပိုင်ရှင်က တာဝန်ပေးအပ်ထားသော မှတ်ပုံတင်အင်ဂျင်နီယာ သို့မဟုတ် ကြီးကြပ်သူကိုဆိုသည်။

(ဗ) **အရည်အသွေးထောက်ခံချက်လက်မှတ်**ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ စံချိန်စံညွှန်းများကိုက်ညီမှုကို အသိအမှတ်ပြုခြင်းခံရခြင်းတွင် စစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီကြောင်း အရည်အသွေးထောက်ခံချက်အတွက် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေအရ ထုတ်ပေးထားသည့်လက်မှတ်ကိုဆိုသည်။

(ဘ) **အသိအမှတ်ပြုခြင်းခွဲခန်း**ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ စံချိန်စံညွှန်းကိုက်ညီမှုကို စမ်းသပ်စစ်ဆေး၍ အရည်အသွေးထောက်ခံချက် ထုတ်ပေးခွင့်ရှိသည့် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေအရ အသိအမှတ်ပြုလွှာရရှိထားသော ခေတ်ခွဲခန်းကိုဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်

၅။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒနှင့် စံချိန်စံညွှန်းများကို ချမှတ်၍ တစ်ပြေးညီ ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန်နှင့် ကြီးကြပ်စီမံဆောင်ရွက်နိုင်ရန်၊

(ခ) ဆောက်လုပ်မှုကဏ္ဍကို စနစ်ကျန၍ ခေတ်မီစွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်နှင့်အညီ တိုးတက်လာသည့် တည်ဆောက်ရေးဆိုင်ရာနည်းပညာများကို မိမိနိုင်ငံ ရေမြေသဘာဝနှင့်ကိုက်ညီဆီလျော်အောင် စဉ်ဆက်မပြတ်လေ့လာ သုတေသနပြုအသုံးပြုနိုင်ရန်၊

(ဂ) အများပြည်သူများနှင့် အသုံးပြုသူများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး အရည်အသွေးပြည့်မီကောင်းမွန်၍ ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစိတ်ချရသော သဘာဝဘေးဒဏ်ခံ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသည့် အခြေခံအဆောက်အအုံများ ထွက်ပေါ်လာရန်၊

(ဃ) အခြေခံအဆောက်အအုံများဆောက်လုပ်ရာတွင် သက်ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့်အညီ ဒီဇိုင်းပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့် စစ်ဆေးခြင်းများ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် တည်ဆောက်ရေးပစ္စည်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် ညီညွတ်စေရန်၊

(င) တည်ဆောက်ပြီး အခြေခံအဆောက်အအုံများ သက်တမ်းအလိုက် စဉ်ဆက်မပြတ် ကြံ့ခိုင်ရေးအတွက် ပုံမှန်ထိန်းသိမ်းရေး၊ အရေးပေါ်ထိန်းသိမ်းရေးနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေးတို့ကို စနစ်တကျဆောင်ရွက်နိုင်ရန်။

အခန်း (၃)

ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန်အလို့ငှာ ဒုတိယသမ္မတတစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးကို ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သောဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဝါရင့်ကျွမ်းကျင်ပညာရှင်များကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးကို အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်ကို တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် **ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုကော်မတီသည် တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ်ကြပ်မတ်ရေး၊ ပြည်ပမှတင်သွင်းသော တည်ဆောက်ရေးပစ္စည်းများနှင့် ပြည်တွင်းမှထုတ်လုပ်သော တည်ဆောက်ရေးပစ္စည်းများ အရည်အသွေးပြည့်မီခြင်း ရှိ/မရှိ စိစစ်ကြပ်မတ်ရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာလုပ်ငန်းတာဝန်အလိုက် ဦးစီးကော်မတီများ၊ ဆပ်ကော်မတီနှင့် အဖွဲ့အစည်းများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၈။ ဗဟိုကော်မတီသည် တည်ဆောက်ရေးလုပ်ငန်း၊ ဆောက်လုပ်မှုလုပ်ငန်းစဉ်၊ စံချိန်စံညွှန်းများနှင့် အရည်အသွေးစသည့်ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော အငြင်းပွားမှုများကိုဖြေရှင်းရန် လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် တည်ဆောက်ရေးဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်၍ အတွေ့အကြုံရှိသူတစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ ဦးစီးဌာနမှ အရာထမ်းတစ်ဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင်သော အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၊ စုံစမ်းစစ်ဆေးရေး အဖွဲ့တို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ လုပ်ငန်းတာဝန်သတ်မှတ်ဖွဲ့စည်းနိုင်သည်။

၉။ **ဗဟိုကော်မတီ**၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆောက်လုပ်မှုကဏ္ဍကို စနစ်ကျန၍ တစ်ပြေးညီကျင့်သုံးအကောင်အထည်ဖော်နိုင်ရန် မူဝါဒနှင့် စံချိန်စံညွှန်းများ ချမှတ်ခြင်း၊

(ခ) ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်နှင့်အညီ တိုးတက်လာသည့် တည်ဆောက်ရေးဆိုင်ရာနည်းပညာများကို လေ့လာသုတေသနပြု၍ မိမိနိုင်ငံနှင့်ကိုက်ညီသည့် နည်းပညာများ ပြန့်ပွားရန် ဆောင်ရွက်စေခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ နိုင်ငံခြားချေးငွေ သို့မဟုတ် ထောက်ပံ့ငွေ ဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများဆောက်လုပ်ရန် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက တင်ပြလျှင်ဖြစ်စေ၊ ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ၁၂ ထပ် အထက် သို့မဟုတ် အမြင့်ပေ ၁၄၀ အထက် အဆောက်အအုံများ သို့မဟုတ် အမြင့် ၆၈ ပေအထက် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ၁၂ ထပ်တွင် မြေအောက်ခန်း (Basement) ပါဝင်သော အဆောက်အအုံများ၊ ၁၂ ထပ်အောက်ဖြစ်သော်လည်း ယူနစ် ၅၀၀ နှင့်အထက် အသုံးပြုမည့်ဧရိယာ စတုရန်းပေ ၁၂၀၀၀ အထက် အများပြည်သူသုံးအဆောက်အအုံများ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံများ၊ အဆိပ်အတောက်နှင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထုများကို အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ပညာရှင်များဖြင့် ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်စစ်ဆေးစေ၍ တင်ပြလာသော အရည်အသွေးပြည့်မီမှုမရှိသည့်လုပ်ငန်းများကို ပြင်ဆင်စေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း၊

(ဃ) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၊ နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများကို စံချိန်စံညွှန်းများနှင့် ညီညွတ်ခြင်း ရှိ/မရှိ သက်ဆိုင်ရာ ဦးစီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် တတိယအဖွဲ့အစည်းကို အခါအားလျော်စွာ တာဝန်ပေးအပ်စစ်ဆေးစေ၍ တင်ပြလာသော အရည်အသွေးပြည့်မီမှုမရှိသည့် လုပ်ငန်းများကို ပြင်ဆင်စေခြင်း သို့မဟုတ် ဖျက်သိမ်း၍ ပြန်လည်တည်ဆောက်စေခြင်း၊

(င) ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်သော ၁၂ ထပ်အထက် သို့မဟုတ် အမြင့်ပေ ၁၄၀ အထက် အဆောက်အအုံများ သို့မဟုတ် အမြင့် ၆၈ ပေ အထက် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ၁၂ ထပ်တွင် မြေအောက်ခန်း (Basement) ပါဝင်သော အဆောက်အအုံများ၊ ၁၂ ထပ်အောက်ဖြစ်သော်လည်း လူ ၅၀၀ နှင့်အထက် အသုံးပြုမည့်ဧရိယာ စတုရန်းပေ ၁၂၀၀၀ အထက် အများပြည်သူသုံးအဆောက်အအုံများ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံများ၊ အဆိပ်အတောက်နှင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထုများကို အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ပညာရှင်များဖြင့် ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်စစ်ဆေးစေ၍ တင်ပြလာသော အရည်အသွေးပြည့်မီမှုမရှိသည့်လုပ်ငန်းများကို ပြင်ဆင်စေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း၊

(စ) ပုဒ်မခွဲ (ဃ) နှင့် (င) တို့နှင့်အညီ ပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်း၍ ပြန်လည်တည်ဆောက်ခြင်းပြုလုပ်စဉ်ကာလတွင် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် တတိယအဖွဲ့အစည်းကို ကြီးကြပ်စေပြီး တည်ဆောက်ပြီးနောက် အရည်အသွေးပြည့်မီကြောင်း သက်ဆိုင်ရာ ဦးစီးဌာန၊ အဖွဲ့အစည်းက တင်ပြပါက အတည်ပြုခြင်း၊

(ဆ) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရန် လမ်းညွှန်မှုပေးခြင်းနှင့် စိစစ်ကြပ်မတ်ဆောင်ရွက်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဇ) တည်ဆောက်ရေးနယ်ပယ်အလိုက် ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချရပြီး စံချိန်စံညွှန်းများနှင့် အရည်အသွေးပြည့်မီသည့် အခြေခံအဆောက်အအုံများရရှိရေးအတွက် စိစစ်ကြပ်မတ်နိုင်ရန် နိုင်ငံတော်၏ ဆောက်လုပ်မှုကဏ္ဍကို တာဝန်ယူ ဆောင်ရွက်လျက်ရှိသော သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းအသီးသီးသို့ တာဝန်ပေးအပ်ခြင်း၊

(စျ) ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရေး၊ နည်းပညာများသင်ကြားရေး၊ လုပ်ငန်းကျွမ်းကျင်မှုလေ့ကျင့်ရေး၊ အတတ်ပညာများ၊ နည်းပညာများ နီးနော်ဖလှယ်ရေး၊ ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အတွေ့အကြုံများ ပြန့်ပွားရေးတို့တွင် ဒေသဆိုင်ရာအပါအဝင် နိုင်ငံတကာပညာရှင်အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ၊ သုတေသနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် စနစ်တကျဦးဆောင်မှုပေးခြင်း၊

(ည) ဦးစီးကော်မတီများ၊ ဒေသဆိုင်ရာကော်မတီများနှင့် ဆောက်လုပ်မှုကဏ္ဍ ကြီးကြပ်စစ်ဆေးရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသော သက်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးပြည့်မီရေး၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လမ်းညွှန်မှုများပေးခြင်း၊ ကြပ်မတ်စစ်ဆေးနိုင်ခွင့်တိုးမြှင့်အပ်နှင်းခြင်း သို့မဟုတ် လျှော့ချခြင်း၊

(ဋ) ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းအားလုံးအချင်းချင်း အပြန်အလှန်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လိုအပ်သည့် အဖွဲ့အစည်းများဖွဲ့စည်းနိုင်ရေး ကူညီပံ့ပိုးပေးခြင်း၊

(ဌ) အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့၊ တတိယအဖွဲ့အစည်းများ သို့မဟုတ် တည်ဆောက်သူများကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးအတွက် အရည်အချင်းသတ်မှတ်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဍ) လုံခြုံစိတ်ချရပြီး စံချိန်စံညွှန်းများနှင့် အရည်အသွေးပြည့်မီသည့် အဆောက်အအုံများ ဖြစ်ပေါ်လာစေရန် သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် သတ်မှတ်အရည်အချင်းများနှင့်ညီညွတ်ခြင်း ရှိ/မရှိ ဦးစီးဌာန၏ တင်ပြချက်အပေါ်အတည်ပြုနိုင်ရန် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးခြင်း၊

(ဎ) ဦးစီးဌာနက တည်ဆောက်သူ၊ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ တတိယအဖွဲ့ အစည်းတို့နှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကို လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်း၊ စိစစ်ခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဏ) ဦးစီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက အရည်အသွေးထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းများအပေါ် လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(တ) ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေး ပြည့်မီသော အခြေခံအဆောက်အအုံများရရှိစေရေး အခြားလိုအပ်သော စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၀။ ဦးစီးဌာနသည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

အခန်း (၄)

ဒေသဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ ဗဟိုကော်မတီသည် ဒေသဆိုင်ရာကော်မတီကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တာဝန်ခံများ၊ ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဥပဒေနှင့်အညီဖွဲ့စည်းထားသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဝါရင့်ကျွမ်းကျင်ပညာရှင်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ နေပြည်တော်ကောင်စီဝင်တစ်ဦး သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာဝန်ကြီးတစ်ဦးကို အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာနမှ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်တစ်ဦးကို တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် ဖွဲ့စည်းရမည်။

၁၂။ ဒေသဆိုင်ရာကော်မတီသည် လုပ်ငန်းတာဝန်များအရ လိုအပ်ပါက တည်ဆောက်ရေးလုပ်ငန်းများ၊ ဆောက်လုပ်မှုလုပ်ငန်းစဉ်၊ စံချိန်စံညွှန်းများနှင့် အရည်အသွေးစသည့် ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သော အငြင်းပွားမှုများကို ဖြေရှင်းရန်သော်လည်းကောင်း၊ သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းကဖြစ်စေ အရည်အသွေးပြည့်မီခြင်း ရှိ/မရှိ စစ်ဆေးပေးရန် အကြောင်းကြားလျှင်သော်လည်းကောင်း၊ တိုင်ကြားစာလက်ခံရရှိလျှင်သော်လည်းကောင်း အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၃။ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ နိုင်ငံခြားချေးငွေ သို့မဟုတ် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများ သို့မဟုတ် ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ကိုးထပ် မှ ၁၂ ထပ် သို့မဟုတ် အမြင့်ပေ ၁၀၀ မှ ပေ ၁၄၀ ထိ အဆောက်အအုံများ သို့မဟုတ် အမြင့် ပေ ၄၀ မှ ၆၈ ပေ ထိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဧရိယာ စတုရန်းပေ ၁၀၀၀၀ မှ ၁၂၀၀၀ ထိ အများပြည်သူသုံး အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် သက်ဆိုင်ရာ ဦးစီးဌာန၊ အဖွဲ့အစည်းက တင်ပြလျှင် အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများကို ဘေးအန္တရာယ်ကင်းရှင်း၍ စံချိန်စံညွှန်းများနှင့် ညီညွတ်ခြင်း ရှိ/မရှိ သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် တတိယအဖွဲ့အစည်းကို အခါအားလျော်စွာ တာဝန်ပေးအပ်စစ်ဆေးစေ၍ အရည်အသွေးပြည့်မီမှုမရှိသောလုပ်ငန်းများကို ပြင်ဆင်စေခြင်း သို့မဟုတ် ဖျက်သိမ်း၍ ပြန်လည်တည်ဆောက်စေခြင်း၊

(ဂ) ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်သော ကိုးထပ်မှ ၁၂ ထပ် သို့မဟုတ် အမြင့် ပေ ၁၀၀ မှ ပေ ၁၄၀ ထိ အဆောက်အအုံများ သို့မဟုတ် အမြင့်ပေ ၄၀ မှ ၆၈ ပေထိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ဧရိယာ စတုရန်းပေ ၁၀၀၀၀ မှ ၁၂၀၀၀ ထိ အများပြည်သူသုံး အဆောက်အအုံများ နှင့်ပတ်သက်၍ ဘေးအန္တရာယ်ကင်းရှင်းပြီး စံချိန်စံညွှန်းများနှင့်ကိုက်ညီမှု ရှိ/မရှိ ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်စေခြင်း၊ တင်ပြလာသော အရည်အသွေးပြည့်မီမှုမရှိသည့် လုပ်ငန်းများကို ပြင်ဆင်စေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း၊

(ဃ) ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့နှင့်အညီ ပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်း၍ ပြန်လည်တည်ဆောက်ခြင်းပြုလုပ်စဉ်ကာလတွင် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် တတိယအဖွဲ့အစည်းကို ကြီးကြပ်စေပြီး တည်ဆောက်ပြီးနောက် အရည်အသွေးပြည့်မီကြောင်း သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက တင်ပြပါက အတည်ပြုခြင်း၊

(င) ကိုးထပ်အောက် အဆောက်အအုံများနှင့် ဧရိယာ စတုရန်းပေ ၁၀၀၀၀ အောက် အများပြည်သူသုံး အဆောက်အအုံများ၊ အမြင့် ပေ ၄၀ အောက် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို တည်ဆောက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်း၍ အတည်ပြုထုတ်ပြန်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှု ရှိ/မရှိ စိစစ်ဆောင်ရွက်စေရန် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များသို့ **စာမျက်နှာ ၂၀ သို့**

လမ်းညွှန်မှုပေးခြင်းနှင့် ကြပ်မတ်စစ်ဆေးခြင်း၊

(စ) ဗဟိုကော်မတီက ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းကို လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဒီဇိုင်းပုံစံနှင့် နည်းပညာဆိုင်ရာ လိုအပ်ပါက ဗဟိုကော်မတီသို့ စစ်ဆေးမှုနှင့်ပတ်သက်သည့် အကူအညီတောင်းခံခြင်း၊ ဗဟိုကော်မတီအစည်းအဝေးသို့ တင်ပြ၍ မှတ်တမ်းတင်ခြင်း၊

(ဇ) ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက ကြပ်မတ်ဆောင်ရွက်သည့် စီမံကိန်းများကို မှတ်ပုံတင်စာရင်းထား၍၍ ထိန်းသိမ်းခြင်း၊

(စျ) တည်ဆောက်သူများ၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့များအတွက် အလေ့အကျင့်ကောင်းများရရှိစေရန် ပညာပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အကဲဖြတ်မှတ်တမ်းများကို ဦးစီးဌာနသို့ ပေးပို့ခြင်း၊

(ည) ဘဏ္ဍာနှစ်အလိုက် ဒေသတွင်းရှိ တည်ဆောက်ရေးပစ္စည်းစျေးနှုန်းများ၊ လုပ်အားခနှုန်းထားများနှင့် သယ်ယူပို့ဆောင်ခနှုန်းထားများကို အတည်ပြုထုတ်ပြန်ပေးခြင်း၊

(ဋ) ဒေသတွင်းတည်ဆောက်ရေးပစ္စည်း ထုတ်လုပ်သူများ၊ ပေးသွင်းသူများကို စနစ်တကျ မှတ်ပုံတင်ထားရှိခြင်း၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ထုတ်ကုန်များကိုသာ ထုတ်လုပ်ရန်နှင့် အသုံးပြုရန် ကြပ်မတ်ခြင်း၊

(ဌ) ကျွမ်းကျင်လုပ်သားနှင့် လုပ်ငန်းခွင်ကြီးကြပ်သူများကို သင်တန်းပေးခြင်း၊ စိစစ်အကဲဖြတ်ခြင်းတို့ဆောင်ရွက်ခြင်း၊

(ဍ) ဒေသတွင်းကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရေးအတွက် ကျွမ်းကျင်လုပ်သားများလေ့ကျင့်အကဲဖြတ်မှတ်ပုံတင်ထားရှိရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဎ) ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပ ဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ကျင်းပရေး၊ တက်ရောက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ လိုအပ်သလို စီမံဆောင်ရွက်ခြင်း၊

(ဏ) ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သည့်လုပ်ငန်းများကို တည်ဆဲစည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ၊ သက်ဆိုင်ရာကဏ္ဍအလိုက် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနှင့်ညီညွတ်မှုရှိစေရန် တည်ဆောက်ရေးလုပ်ငန်းများကို စိစစ်ရန် စိစစ်ကြပ်မတ်ရေးအဖွဲ့ကို တာဝန်ပေးအပ်ခြင်း၊

(တ) စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ အမည်စာရင်းကို မှတ်တမ်းပြုစု၍ ဗဟိုကော်မတီသို့ ပေးပို့ခြင်း။

၁၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ညွှန်ကြားရေးမှူးရုံးသည် ဒေသဆိုင်ရာ ကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

အခန်း (၅)

ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၁၅။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) လိုအပ်ပါက တည်ဆောက်ရေးလုပ်ငန်းများစီမံခန့်ခွဲရေး ပညာရှင်အဖွဲ့၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ စိစစ်သုံးသပ်ရေးပညာရှင်အဖွဲ့၊ အထပ်မြင့်နှင့်အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့နှင့် အခြားဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သည့် အဖွဲ့များကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးခြင်း၊

(ခ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များကို နိုင်ငံတကာ၏ တိုးတက်ပြောင်းလဲလာသည့် နည်းပညာစံနှုန်းများ၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများနှင့်အညီ ပြင်ဆင်ရေးဆွဲခြင်း၊

(ဂ) ခေတ်မီနည်းပညာပြန့်ပွားရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆောက်လုပ်မှုကဏ္ဍအလိုက် တာဝန်ပေးအပ်ဆောင်ရွက်စေခြင်း၊ ခေတ်မီနည်းပညာများ ပြုစုလေ့လာ၍တင်ပြခြင်း၊ နည်းပညာများကို ဖြန့်ဝေပေးခြင်း၊

(ဃ) ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သော ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်များ သင်ကြားမှုအဆင့်အတန်းမြင့်မားစေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော နိုင်ငံတကာ၏ တည်ဆောက်ရေးဆိုင်ရာနည်းပညာများကို လေ့လာသုတေသနပြု၍ မိမိနိုင်ငံနှင့်ကိုက်ညီသည့် နည်းပညာပြန့်ပွားစေရေး သက်ဆိုင်ရာ ဦးစီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဝန်ကြီးဌာနကတစ်ဆင့် ဗဟိုကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(င) လုပ်ငန်းခွင်ကြီးကြပ်သူများ၏ အရည်အသွေးမြှင့်တင်နိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်အတွက် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးနိုင်ရေး သင်ရိုးညွှန်းတမ်းများ၊ မူဝါဒများ ရေးဆွဲပြုစု၍ ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာကော်မတီအသီးသီးသို့ ပေးပို့ခြင်း၊

(စ) တည်ဆောက်သူ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စည်းကမ်းများ၊ လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့များ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ၊ ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သည့်အဖွဲ့များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ၊ ပညာရပ်အလိုက် လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များကိုရေးဆွဲ၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ခြင်း၊

(ဆ) အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ တတိယအဖွဲ့အစည်းများ၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် တည်ဆောက်သူများကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ သတ်မှတ်ချက်များထုတ်ပြန်ခြင်း၊ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ဇ) လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးပြီးသည့် စာရင်းများကို မှတ်ပုံတင်အမျိုးအစားအလိုက် စုစည်း၍ မှတ်တမ်းထားရှိခြင်း၊

(စျ) တည်ဆောက်ရေးထုတ်ကုန်၊ တည်ဆောက်ရေးပစ္စည်းများ၏ စံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်းပေးနိုင်ရန် အမျိုးသားစံချိန်စံညွှန်းကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) ဆောက်လုပ်မှုကဏ္ဍရှိ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို အမျိုးသား စံချိန်စံညွှန်းကောင်စီ၏ ဥပဒေအရ အသိအမှတ်ပြုလွှာရရှိထားသည့် ဦးစီးဌာန၏ ဓာတ်ခွဲခန်း၌ စစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီကြောင်း အရည်အသွေးထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်း၊

(ဋ) အရည်အသွေးထောက်ခံချက်လက်မှတ်ရရှိထားသည့် တည်ဆောက်ရေးပစ္စည်းများ၏ မှတ်တမ်းနှင့် အသေးစိတ်အချက်အလက်များကို မှတ်ပုံတင်စာရင်းထား၍၍ ထိန်းသိမ်းခြင်း၊

(ဌ) ဗဟိုကော်မတီကပေးအပ်သည့် လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

၁၆။ ဦးစီးဌာနသည် မိမိ၏လုပ်ငန်းများကိုဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းအမျိုးအစားများအတွက် လိုအပ်ပါက ပြင်ပကျွမ်းကျင်ပညာရှင်များကို ငှားရမ်းဆောင်ရွက်ခွင့်ရှိသည် -

(က) မြို့ပြစီမံကိန်းများ၊ ဗိသုကာ၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ ရေသန့်၊ လျှပ်စစ်၊ အခြေခံအဆောက်အအုံဒီဇိုင်းပုံစံများကို သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် တည်ဆောက်ရေးလုပ်ငန်းလမ်းညွှန်များရေးဆွဲပြုစုခြင်း၊

(ဂ) ဆောက်လုပ်မှုနည်းပညာ၊ ဆောက်လုပ်မှုလုပ်ငန်းစီမံခန့်ခွဲခြင်း၊ တည်ဆောက်မှုလုပ်ငန်းလိုအပ်ချက်များ ဖြည့်တင်းခြင်းတို့အတွက် ပညာရပ်ဆိုင်ရာလမ်းညွှန်၊ လက်စွဲစာစောင်များ ပြုစုခြင်း၊

(ဃ) သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

အခန်း (၆)

တည်ဆောက်သူ

၁၇။ ဤဥပဒေပါ လုပ်ငန်းများကို တည်ဆောက်သူအဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တည်ဆောက်ရေးဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် သို့မဟုတ် မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ်ရရှိသူတစ်ဦး အနည်းဆုံးပါဝင်ရမည်။

(ခ) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းခွင်ကြီးကြပ်သူတစ်ဦး အနည်းဆုံးပါဝင်ရမည်။

(ဂ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် အရည်အချင်းသတ်မှတ်ချက်များရှိရမည်။

၁၈။ ဦးစီးဌာနသည် ပုဒ်မ ၁၇ အရ လျှောက်ထားချက်ကို ရရှိပါက -

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ်၊ မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သင့်၊ မသင့် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိမရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူကို လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

၁၉။ (က) မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၁၈ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ ပြန်လည်ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူကို မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူကို ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျ မှတ်တမ်းတင်ထားရမည်။

၂၀။ တည်ဆောက်သူသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(ဂ) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရမည်။

(ဃ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် လက်စွဲများကို လိုက်နာရမည်။

(င) အတည်ပြုဒီဇိုင်းပုံစံနှင့် စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ရမည်။

၂၁။ တည်ဆောက်သူသည် လုပ်ငန်းပိုင်ရှင်ထံမှ အခကြေးငွေသတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆို၍ တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်ခွင့်ရှိသည်။

၂၂။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် တည်ဆောက်သူအဖြစ် ဆက်လက်ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ သတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါမှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သက်တမ်းတိုးလျှောက်ထားခြင်းအပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

အခန်း(၇)

အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့

၂၃။ အကြံပေးပညာရှင်အဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့်လူပုဂ္ဂိုလ် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့အဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) အကြံပေးပညာရှင်အဖြစ် ဆောင်ရွက်လိုသူသည် တည်ဆောက်ရေးဆိုင်ရာ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူဖြစ်ရမည်။

(ခ) အကြံပေးပညာရှင်အဖွဲ့အဖြစ် ဆောင်ရွက်လိုပါက သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တည်ဆောက်ရေးဆိုင်ရာ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းဆိုင်ရာ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူတစ်ဦး အနည်းဆုံးပါဝင်ရမည့်အပြင် ဆောင်ရွက်မည့် သက်ဆိုင်ရာဆက်စပ်လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ် သို့မဟုတ် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ လက်မှတ်ရရှိသူ တစ်ဦးစီ အနည်းဆုံး ပါဝင်ရမည်။

(ဂ) မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်သည် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်အဖြစ် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ငါးနှစ်ရှိသူ ဖြစ်ရမည့်အပြင် မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာသည် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာအဖြစ် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိသူ ဖြစ်ရမည်။

(ဃ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် အရည်အချင်းသတ်မှတ်ချက်များ ရှိရမည်။

၂၄။ ဦးစီးဌာနသည် ပုဒ်မ ၂၃ အရ လျှောက်ထားချက်ကို ရရှိပါက-

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ်၊ မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သင့်၊ မသင့်၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ်စိစစ် ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

၂၅။ (က) မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၂၀ ပုဒ်မခွဲ(က)အရ တင်ပြချက်ကို လက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ပြန်လည်ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျမှတ်တမ်းတင်ထားရမည်။

၂၆။ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့သည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(ဂ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် လက်စွဲများကို လိုက်နာရမည်။

၂၇။ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည်-

(က) လုပ်ငန်းပိုင်ရှင်ထံမှ အခကြေးငွေသတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆို၍ တည်ဆောက်မှုလုပ်ငန်းစဉ် စီမံခန့်ခွဲခြင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးအကြံပြုခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းခြင်းဆိုင်ရာ အကြံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးမပြည့်မီခြင်း၊ လုပ်ငန်းစဉ် မမှန်ခြင်း၊ စံချိန်စံညွှန်းမပြည့်မီခြင်းများ တွေ့ရှိရပါက လုပ်ငန်းရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း။

၂၈။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့အဖြစ် ဆက်လက်ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့ မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)ပါ သတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါ မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ သက်တမ်းတိုးလျှောက်ထားခြင်းအပေါ် မှတ်ပုံတင် လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

အခန်း(၈)

လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့

၂၉။ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့အဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) တည်ဆောက်ရေးဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူ တစ်ဦး၊ ဆောင်ရွက်မည့် ဆက်စပ်လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ်ရရှိသူ တစ်ဦးစီ အနည်းဆုံးပါဝင်ရမည်။

(ခ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့်အရည်အချင်း သတ်မှတ်ချက်များရှိရမည်။

၃၀။ ဦးစီးဌာနသည် ပုဒ်မ ၂၉ အရလျှောက်ထားချက်ကို ရရှိပါက-

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ်၊ မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သင့်၊ မသင့်၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ်စိစစ် ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

၃၁။ (က) မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၃၀ ပုဒ်မခွဲ(က)အရ တင်ပြချက်ကို လက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ပြန်လည်ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျမှတ်တမ်းတင်ထားရမည်။

၃၂။ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့သည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(ဂ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် လက်စွဲများကို လိုက်နာရမည်။

၃၃။ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည်-

(က) လုပ်ငန်းပိုင်ရှင်ထံမှ အခကြေးငွေ သတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ် ချုပ်ဆို၍ ဆောင်ရွက်ခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် သတ်မှတ်ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် တည်ဆောက်ရေးစီမံချက်ရေးဆွဲခြင်း၊ တည်ဆောက်နေစဉ်ကာလတွင် ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီစေရန်ကြီးကြပ်ခြင်း၊ တည်ဆောက်ပြီးနောက်ပိုင်းဆန်းစစ်သုံးသပ်ခြင်းတို့အား ဆောင်ရွက်ခြင်း။

၃၄။ (က) မှတ်ပုံတင်လက်မှတ်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့အဖြစ် ဆက်လက်ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)ပါ သတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါ မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ သက်တမ်းတိုး လျှောက်ထားခြင်းအပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

အခန်း(၉)

လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့

၃၅။ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့အဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တည်ဆောက်ရေးဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူတစ်ဦး အနည်းဆုံးပါဝင်ရမည်။

(ခ) ဆောင်ရွက်မည့် သက်ဆိုင်ရာဆက်စပ်လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်နှင့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိသူ တစ်ဦးစီ အနည်းဆုံးပါဝင်ရမည်။

(ဂ) လုပ်ငန်းခွင်တွင် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ရန် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းအတွေ့အကြုံရှိသူ မှတ်ပုံတင်အင်ဂျင်နီယာ အနည်းဆုံး သုံးဦးပါဝင်ရမည်။

(ဃ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အရည်အချင်းသတ်မှတ်ချက်များ ရှိရမည်။

၃၆။ ဦးစီးဌာနသည် ပုဒ်မ ၃၅ အရ လျှောက်ထားချက်ကို ရရှိပါက-

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ်၊ မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သင့်၊ မသင့်၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

၃၇။ (က) မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၃၆ ပုဒ်မခွဲ(က)အရ

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

တင်ပြချက်ကို လက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ ပြန်လည်ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျ မှတ်တမ်းတင်ထားရမည်။

၃၈။ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့သည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(ဂ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် အတည်ပြုထုတ်ပြန်ထားသည့် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် စစ်ဆေးသူလက်စွဲများကို လိုက်နာရမည်။

၃၉။ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည် -

(က) လုပ်ငန်းပိုင်ရှင် သို့မဟုတ် စစ်ဆေးရန် တာဝန်ပေးအပ်သည့် အဖွဲ့အစည်းထံမှ အခကြေးငွေသတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆို၍ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်နှင့် ဆောင်ရွက်ပြီးကာလတွင် အရည်အသွေးစစ်ဆေးခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးမပြည့်မီခြင်း၊ လုပ်ငန်းစဉ်မမှန်ခြင်း၊ စံချိန်စံညွှန်းမပြည့်မီခြင်းများ တွေ့ရှိရပါက လုပ်ငန်းရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း။

၄၀။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့အဖြစ် ဆက်လက်ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့ မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)ပါ သတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါ မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ သက်တမ်းတိုး လျှောက်ထားခြင်းအပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

အခန်း(၁၀)

တတိယအဖွဲ့အစည်း

၄၁။ တတိယအဖွဲ့အစည်းအဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တည်ဆောက်ရေးဆိုင်ရာနှင့် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူ တစ်ဦးစီ အနည်းဆုံး ပါဝင်ရမည်။

(ခ) ဆောင်ရွက်မည့် သက်ဆိုင်ရာဆက်စပ်လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် သို့မဟုတ် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်နှင့် အကြီးတန်းဗိသုကာလိုင်စင် သို့မဟုတ် ဗိသုကာလိုင်စင်ရရှိသူများ ပါဝင်ရမည်။

(ဂ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် အရည်အချင်းသတ်မှတ်ချက်များ ရှိရမည်။

၄၂။ ဦးစီးဌာနသည် ပုဒ်မ ၄၁ အရလျှောက်ထားချက်ကို ရရှိပါက -

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ်၊ မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သင့်၊ မသင့် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

၄၃။ (က) မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၄၂ ပုဒ်မခွဲ(က)အရ တင်ပြချက်ကို လက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ ပြန်လည်ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျမှတ်တမ်းတင်ထားရမည်။

၄၄။ တတိယအဖွဲ့အစည်းသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(ဂ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် လက်စွဲများကို လိုက်နာရမည်။

၄၅။ တတိယအဖွဲ့အစည်းသည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည်-

(က) လုပ်ငန်းပိုင်ရှင် သို့မဟုတ် စစ်ဆေးရန်တာဝန်ပေးအပ်သည့် အဖွဲ့အစည်းထံမှ အခကြေးငွေသတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ် ချုပ်ဆို၍ ဗိသုကာနှင့် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းများ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးအတည်ပြုခြင်း၊ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်နှင့် ဆောင်ရွက်ပြီးကာလတွင် တည်ဆောက်မှုလုပ်ငန်းစဉ်နှင့် အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးအတည်ပြုခြင်း၊

(ခ) လုပ်ငန်းနယ်ပယ်အလိုက် ဒီဇိုင်းပုံစံများ စံချိန်စံညွှန်းများနှင့် မကိုက်ညီခြင်း၊ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးမပြည့်မီခြင်း၊ လုပ်ငန်းစဉ်မမှန်ခြင်း၊ စံချိန်စံညွှန်းမပြည့်မီခြင်းများ တွေ့ရှိရပါက လုပ်ငန်းရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း။

၄၆။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် တတိယအဖွဲ့အစည်းအဖြစ် ဆက်လက်ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့ မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)ပါ သတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါ မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ သက်တမ်းတိုး လျှောက်ထားခြင်းအပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

အခန်း (၁၁)

အရည်အသွေးထောက်ခံချက်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၄၇။ ပြည်ပမှတင်သွင်းလာသော တည်ဆောက်ရေးပစ္စည်းများ သို့မဟုတ် ပြည်တွင်းထုတ်လုပ်သော တည်ဆောက်ရေးပစ္စည်းများနှင့်ပတ်သက်၍ အရည်အသွေးထောက်ခံချက်လက်မှတ်လျှောက်ထားလိုသည့် လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် အောက်ပါအထောက်အထားများ ပူးတွဲ၍ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားရမည်-

(က) စမ်းသပ်စစ်ဆေးမည့် တည်ဆောက်ရေးပစ္စည်းနှင့်ပတ်သက်သည့် စံချိန်စံညွှန်းများ၊ စာရွက်စာတမ်းအထောက်အထားအပြည့်အစုံ၊

(ခ) စမ်းသပ်စစ်ဆေးမည့် ပစ္စည်းနမူနာ၊ လိုအပ်သည့်အတိုင်းအတာအရေအတွက်၊

(ဂ) စစ်ဆေးစမ်းသပ်သည့် အဖိုးအခပေးသွင်းပြီးကြောင်း အထောက်အထား။

၄၈။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် လျှောက်လွှာလက်ခံရရှိလျှင် သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးရန် အသိအမှတ်ပြုလွှာရရှိသည့် ဓာတ်ခွဲခန်းသို့ ပစ္စည်းနမူနာပေးပို့ရမည်။

၄၉။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် အသိအမှတ်ပြုလွှာရရှိသည့် ဓာတ်ခွဲခန်း၏ အရည်အသွေးပြည့်မီကြောင်း အစီရင်ခံစာအပေါ်စစ်ဆေးပြီး အရည်အသွေးထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

အခန်း (၁၂)

တည်ဆောက်ရေးလုပ်ငန်းများလျှောက်ထားခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း

၅၀။ (က) ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ကိုးထပ်မှ ၁၂ ထပ် သို့မဟုတ် အမြင့် ပေ ၁၀၀ မှ ပေ ၁၄၀ ထိ မြင့်သည့်အဆောက်အအုံ သို့မဟုတ် အမြင့် ပေ ၄၀ မှ ၆၈ ပေထိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဇရိယာ ၁၀၀၀၀ မှ ၁၂၀၀၀ စတုရန်းပေထိ အများပြည်သူသုံး အဆောက်အအုံ ဆောက်လုပ်လိုသူသည် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ သက်ဆိုင်ရာဥပဒေပါ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ လက်ခံရရှိသည့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် မိမိတို့နှင့် သက်ဆိုင်သည့်ဥပဒေနှင့်အညီ စိစစ်ပြီးခွင့်ပြုလိုပါက ဒေသဆိုင်ရာကော်မတီသို့ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လျှောက်ထားချက်အား တင်ပြရမည်။

(ဂ) ပုဒ်မခွဲ(က)အရ လက်ခံရရှိသည့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် မိမိတို့နှင့် သက်ဆိုင်သည့်ဥပဒေနှင့်အညီစိစစ်ပြီး ငြင်းပယ်လိုပါက လျှောက်ထားသူထံ ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဒေသဆိုင်ရာကော်မတီသည် ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို လက်ခံရရှိပါက စိစစ်ပြီးခွင့်ပြုပါက မိမိ၏ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ပေးပို့၍ လျှောက်ထားချက်ကို မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းထားရမည်။ ငြင်းပယ်ပါက လျှောက်ထားချက်နှင့်တကွ မိမိ၏ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ ပေးပို့ရမည်။

(င) သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် ပုဒ်မခွဲ(ဃ)အရ ဒေသဆိုင်ရာ ကော်မတီ၏ခွင့်ပြုချက်ကို မိတ္တူကူးယူ၍ မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းပြီး ခွင့်ပြုချက် မူရင်းကိုလျှောက်ထားသူအားပေးပို့ခြင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက် မိတ္တူကို မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းပြီး ဆုံးဖြတ်ချက်မူရင်းကို လျှောက်ထားသူအား ပေးပို့ရမည်။

၅၁။ (က) ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ၁၂ ထပ် အထက် သို့မဟုတ် အမြင့် ပေ ၁၄၀ အထက် မြင့်သည့် အဆောက်အအုံ၊ အမြင့် ၆၈ ပေ အထက် ဘာသာရေးဆိုင်ရာ အဆောက်အအုံ၊ ၁၂ ထပ်တွင် မြေအောက်ခန်း (Basement) ပါဝင်သော အဆောက်အအုံ၊ ၁၂ ထပ်အောက်ဖြစ်သော်လည်း လူဦးရေ ၅၀၀ နှင့်အထက် အသုံးပြုမည့် ဇရိယာ ၁၂၀၀၀ စတုရန်းပေအထက် ကျယ်ဝန်းသည့် အများပြည်သူသုံးအဆောက်အအုံ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံ သို့မဟုတ် အဆိပ်အတောက်နှင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထုဘေးလွှောင်ရုံဆောက်လုပ်လိုသူသည် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ သက်ဆိုင်ရာဥပဒေပါ

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ လက်ခံရရှိသည့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် မိမိတို့နှင့် သက်ဆိုင်သည့်ဥပဒေနှင့်အညီ စိစစ်ပြီးခွင့်ပြုလိုပါက ဒေသဆိုင်ရာကော်မတီသို့ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လျှောက်ထားချက်အား တင်ပြရမည်။

(ဂ) ပုဒ်မခွဲ(က)အရ လက်ခံရရှိသည့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် မိမိတို့နှင့် သက်ဆိုင်သည့်ဥပဒေနှင့်အညီစိစစ်ပြီး ငြင်းပယ်လိုပါက လျှောက်ထားသူထံ ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဒေသဆိုင်ရာကော်မတီသည် ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို လက်ခံရရှိပါက စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လျှောက်ထားချက်ကို ဗဟိုကော်မတီသို့ တင်ပြရမည်။

(င) ဗဟိုကော်မတီသည် ပုဒ်မခွဲ(ဃ)အရ တင်ပြချက်ကို လက်ခံရရှိလျှင် ဦးစီးကော်မတီအား အဆိုပါလျှောက်ထားချက်အပေါ် ခွင့်ပြုရန် သင့်၊ မသင့် စိစစ်တင်ပြရန် တာဝန်ပေးအပ်ရမည်။

(စ) ဦးစီးကော်မတီသည် ပုဒ်မခွဲ(င)အရ တာဝန်ပေးအပ်ခြင်းခံရပါက စိစစ်ပြီး ခွင့်ပြုရန် သင့်၊မသင့် မိမိ၏သဘောထားမှတ်ချက်ကို လျှောက်ထားချက်နှင့်အတူ တင်ပြရမည်။

(ဆ) ဗဟိုကော်မတီသည် ပုဒ်မခွဲ(စ)အရ ဦးစီးကော်မတီက ခွင့်ပြုသင့်ကြောင်း တင်ပြလျှင်လျှောက်ထားချက်ကို မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းပြီး မိမိ၏ခွင့်ပြုချက်ကို ဒေသဆိုင်ရာကော်မတီမှတစ်ဆင့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ပေးပို့ရမည်။ ငြင်းပယ်ပါက လျှောက်ထားချက်နှင့်အတူ ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်ကို ဒေသဆိုင်ရာကော်မတီမှတစ်ဆင့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ ပေးပို့ရမည်။

(ဇ) သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် ပုဒ်မခွဲ(ဆ)အရ ဗဟိုကော်မတီ၏ ခွင့်ပြုချက်ကို မိတ္တူကူးယူ၍ မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းပြီး ခွင့်ပြုချက်မူရင်းကို လျှောက်ထားသူအားပေးပို့ခြင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်မိတ္တူကို မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းပြီး ဆုံးဖြတ်ချက်မူရင်းကို လျှောက်ထားသူအား ပေးပို့ရမည်။

၅၂။ ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ကိုးထပ်အောက် သို့မဟုတ် အမြင့်ပေ ၁၀၀ အောက် အဆောက်အအုံ သို့မဟုတ် ဧရိယာ ၁၀၀၀၀ စတုရန်းပေအောက် အများပြည်သူသုံး အဆောက်အအုံ ဆောက်လုပ်လိုသူသည် သက်ဆိုင်ရာစည်ပင်သာယာရေးဥပဒေနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်သည်။

အခန်း (၁၃)

တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း

၅၃။ ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာကော်မတီက တည်ဆောက်ရေးလုပ်ငန်းများအား စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးရန် လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာ ကြီးကြပ်စစ်ဆေးရေးအဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းများကို-

(က) ဗိသုကာနှင့် ဒီဇိုင်းပုံစံများကို လုပ်ငန်းနယ်ပယ်အလိုက် သတ်မှတ်စံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲထားခြင်း ရှိ၊ မရှိ စစ်ဆေးရမည်။

(ခ) အရည်အသွေးထောက်ခံချက်လက်မှတ်ရရှိထားသော တည်ဆောက်ရေးပစ္စည်းများဖြင့် တည်ဆောက်ထားခြင်း ရှိ၊ မရှိနှင့် သတ်မှတ်တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်အညီ တည်ဆောက်ထားခြင်း ရှိ၊ မရှိ စစ်ဆေးရမည်။

(ဂ) တည်ဆောက်ဆဲ သို့မဟုတ် တည်ဆောက်ပြီးသည့် အခြေခံအဆောက်အအုံ သို့မဟုတ် အများပြည်သူသုံးအဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းပြီး သတ်မှတ်အရည်အသွေး ပြည့်မီခြင်း ရှိ၊ မရှိ အခါအားလျော်စွာ စစ်ဆေးရမည်။

(ဃ) တည်ဆောက်ရေးနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၊ လုပ်ငန်းအပ်နှံခံရသည့် တည်ဆောက်သူ၊ ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့၊ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် တတိယအဖွဲ့အစည်းတို့က လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ ကြီးကြပ်ရမည်။

၅၄။ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်သည့် နိုင်ငံတော်အဆင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းကြီးများ၊ ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်သည့် ၁၂ ထပ်အထက် သို့မဟုတ် အမြင့် ပေ ၁၄၀ အထက် အဆောက်အအုံများ သို့မဟုတ် အမြင့် ၆၈ ပေ အထက် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ၁၂ ထပ်တွင် မြေအောက်ခန်း(Basement)ပါဝင်သော အဆောက်အအုံများ၊ ၁၂ ထပ်အောက်ဖြစ်သော်လည်း လူ ၅၀၀ နှင့် အထက်အသုံးပြုမည့် ဧရိယာ ၁၂၀၀၀ စတုရန်းပေအထက် အများပြည်သူသုံးအဆောက်အအုံများ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံများ၊ အဆိပ်အတောက်နှင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထု သိုလှောင်ရုံ တည်ဆောက်ရေးလုပ်ငန်းများကို တတိယအဖွဲ့အစည်းကိုအပ်နှံ၍ စစ်ဆေးခြင်းဆောင်ရွက်ရမည်။

အခန်း(၁၄)

စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ အရေးယူခြင်း

၅၅။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် တားမြစ်ချက်များမှအပ ဤဥပဒေအရ ထုတ်ပြန်သော စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သည့် မည်သည့်မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူမဆို သို့မဟုတ် မည်သည့်ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သူမဆို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်အား ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း။

အခန်း (၁၅)

အယူခံခြင်း

၅၆။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက ချမှတ်သည့်စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။

၅၇။ (က) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၅၆ အရ တင်ပြသည့် အယူခံလျှောက်ထားချက်အပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။

(ခ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း (၁၆)

တားမြစ်ချက်များ

၅၈။ မည်သည့်တည်ဆောက်သူ၊ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တတိယအဖွဲ့အစည်းမျှ မှတ်ပုံတင်လက်မှတ် မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်း မပြုရ။

၅၉။ မည်သူမျှတည်ဆောက်ရေးလုပ်ငန်းအတွက် ခွင့်ပြုချက်ရရှိရန်တင်ပြရာတွင် မမှန်ကန်သည့် အထောက်အထားများ တင်ပြလျှောက်ထားခြင်း မပြုရ။

၆၀။ မည်သူမျှ အဆောက်အအုံတည်ဆောက်ရာတွင် မူလခွင့်ပြုသတ်မှတ်ထားသည့် ဒီဇိုင်းပုံစံပါ အထပ်အမြင့် သို့မဟုတ် အထပ်အရေအတွက်ထက်ကျော်လွန်၍ တည်ဆောက်ခြင်း မပြုရ။

၆၁။ မည်သူမျှ အရည်အသွေးထောက်ခံချက်လက်မှတ်မရရှိသည့် တည်ဆောက်ရေးပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၆၂။ မည်သည့် အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့မျှ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာစံချိန်စံညွှန်းများနှင့် မကိုက်ညီသည့် အကြံဉာဏ်ပေးခြင်း၊ စီမံခန့်ခွဲခြင်း မပြုရ။

၆၃။ မည်သည့်လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ တတိယအဖွဲ့အစည်းမျှ တည်ဆောက်ရေးလုပ်ငန်းစစ်ဆေးရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိဘဲ စစ်ဆေးအတည်ပြုခြင်း သို့မဟုတ် အရည်အသွေးပြည့်မီကြောင်းထောက်ခံခြင်း မပြုရ။

၆၄။ မည်သည့်တည်ဆောက်သူမျှ အရည်အသွေးပြည့်မီခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိသော မိမိဆောက်လုပ်ဆဲ၊ ဆောက်လုပ်ပြီးအဆောက်အအုံ သို့မဟုတ် မည်သည်ကိုမဆို အရည်အသွေးပြည့်မီအောင် ပြင်ဆင်တည်ဆောက်ခြင်းမပြုဘဲ လုပ်ငန်းပိုင်ရှင်ထံ လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

၆၅။ မည်သူမျှ ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ အမြင့် ၆၈ ပေ အထက် ဘာသာရေးဆိုင်ရာ အဆောက်အအုံ၊ ၁၂ ထပ်အထက် သို့မဟုတ် အမြင့်ပေ ၁၄၀ အထက်မြင့်သည့် အဆောက်အအုံ၊၁၂ ထပ်တွင် မြေအောက်ခန်း(Basement)ပါဝင်သော အဆောက်အအုံ၊ ၁၂ ထပ်အောက်ဖြစ်သော်လည်း လူ ၅၀၀ နှင့်အထက် အသုံးပြုမည့် ဧရိယာ ၁၂၀၀၀ စတုရန်းပေအထက် ကျယ်ဝန်းသည့်အများပြည်သူသုံးအဆောက်အအုံ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံ သို့မဟုတ် အဆိပ်အတောက်နှင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထုသိုလှောင်ရုံကို တည်ဆောက်ခြင်း မပြုရ။

၆၆။ မည်သူမျှ ဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ ကိုးထပ်မှ ၁၂ ထပ်ထိ သို့မဟုတ် အမြင့်ပေ ၁၀၀ မှ ပေ ၁၄၀ ထိ မြင့်သည့်အဆောက်အအုံ သို့မဟုတ် အမြင့် ပေ ၄၀ မှ ၆၈ ပေထိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဧရိယာ ၁၀၀၀၀ မှ ၁၂၀၀၀ စတုရန်းပေထိ အများပြည်သူသုံး အဆောက်အအုံကို တည်ဆောက်ခြင်း မပြုရ။

၆၇။ မည်သည့်ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့၊ တည်ဆောက်သူ၊ လုပ်ငန်းခွင်ကြီးကြပ်သူမျှ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းများအောက်လျော့နည်း၍ ဒီဇိုင်းပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ အရည်အသွေးထောက်ခံချက် လက်မှတ်မရရှိသည့် တည်ဆောက်ရေးပစ္စည်းအား အသုံးပြုတည်ဆောက်ခြင်း မပြုရ။

အခန်း(၁၇)

ပြစ်ဒဏ်များ

၆၈။ မည်သူမဆို ပုဒ်မ ၅၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် သုံးနှစ်ထိဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၉။ မည်သူမဆို ပုဒ်မ ၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် သုံးနှစ်ထိဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် သုံးနှစ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်နှင့် မူလခွင့်ပြုသတ်မှတ် ဒီဇိုင်းပုံစံထက် ကျော်လွန်တည်ဆောက်ထားခြင်းအား ဖျက်သိမ်းစေရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၆၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် ငါးနှစ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၅၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။ စစ်ဆေးတွေ့ရှိသော အရည်အသွေးထောက်ခံချက်မရရှိသည့် တည်ဆောက်ရေးပစ္စည်းများကိုလည်း နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းခြင်းခံရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်ထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် ငါးနှစ်ထိဖြစ်စေ၊ အရည်အသွေးလျော့နည်းဆောင်ရွက်ခဲ့သည့် အဆောက်အအုံကို ပြန်လည်ပြုပြင်ရမည့်တန်ဖိုး၏ နှစ်ဆနှင့် ညီမျှသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၄။ မည်သူမဆို ပုဒ်မ ၆၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် ငါးနှစ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၅၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၇၅။ မည်သူမဆို ပုဒ်မ ၆၅ နှင့် ပုဒ်မ ၆၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် ငါးနှစ်ထိဖြစ်စေ၊ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ပြီးစီးသွားသည့် အဆောက်အအုံတန်ဖိုး၏ ၃၀ရာခိုင်နှုန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၆။ မည်သူမဆို ပုဒ်မ ၆၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် စစ်ဆေးတွေ့ရှိချက်အပေါ်မူတည်၍ အဆောက်အအုံအား အရည်အသွေးပြည့်မီအောင် ပြုပြင်ခြင်း သို့မဟုတ် အသစ်ပြန်လည်တည်ဆောက်ပေးခြင်း သို့မဟုတ် အဆိုပါပြုပြင်ခြင်း သို့မဟုတ် အသစ်တည်ဆောက်ခြင်း တန်ဖိုးနှင့်ညီမျှသော လျော်ကြေးငွေကို နစ်နာသူအား ပေးဆောင်ခြင်းပြုရမည်။

၇၇။ မည်သူမဆို မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာ

စာမျက်နှာ ၂၄ သို့

စာမျက်နှာ ၂၃ မှအဆက်

လုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းများအောက် လျော့နည်း၍ ဒီဇိုင်းပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ အရည်အသွေးထောက်ခံချက်လက်မှတ်မရရှိသည့် တည်ဆောက်ရေးပစ္စည်းအား အသုံးပြုတည်ဆောက်ခြင်းကြောင့် အဆိုပါအဆောက်အအုံသည် မမျှော်မှန်းနိုင်သောကိစ္စရပ်မှအပ သတ်မှတ်သက်တမ်းမတိုင်မီ ပျက်စီးယိုယွင်းကြောင်း၊ ပြိုကျပျက်စီးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ အဆောက်အအုံအား အရည်အသွေးပြည့်မီအောင် ပြုပြင်ခြင်း သို့မဟုတ် အသစ်ပြန်လည်တည်ဆောက်ပေးခြင်း သို့မဟုတ် အဆိုပါပြုပြင်ခြင်း သို့မဟုတ် အသစ်တည်ဆောက်ခြင်း တန်ဖိုးနှင့် ညီမျှသော လျော်ကြေးငွေကို နစ်နာသူအား ပေးဆောင်ခြင်းပြုရမည်။

အခန်း(၁၈)

အထွေထွေ

၇၈။ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သိရှိသူ မည်သူမဆို ဦးစီးဌာနသို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ တိုင်ကြားနိုင်သည်။

၇၉။ ပုဒ်မ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၄၊ ၇၅၊ ၇၅၊ ၇၆ သို့မဟုတ် ၇၇ အရ တရားစွဲဆိုရာတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာဖြင့် ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက တာဝန်ပေးအပ်သည့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အောက် မနိမ့်သောအရာရှိက တရားလိုပြုလုပ်၍ တရားစွဲဆိုရမည်။

၈၀။ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် မိမိတို့ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းသဘာဝအလိုက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ရမည်။

၈၁။ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နောက်ဆုံးထုတ်ပြန်ထားသည့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ လုပ်ငန်းနယ်ပယ်အလိုက် သတ်မှတ်စံချိန်စံညွှန်းများ၊ ဆောက်လုပ်မှုလုပ်ငန်းစီမံခန့်ခွဲခြင်းဆိုင်ရာစည်းမျဉ်းများ၊ မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၈၂။ ဗဟိုကော်မတီသည် ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပမှထောက်ပံ့သော ငွေကြေး၊ နည်းပညာ၊ စက်ကိရိယာနှင့် အခြေခံအဆောက်အအုံအပါအဝင် ထောက်ပံ့ကူညီမှုများကို သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ရယူနိုင်သည်။

၈၃။ ဤဥပဒေအရဖွဲ့စည်းမည့် ဦးစီးကော်မတီ၊ ဆပ်ကော်မတီနှင့် အဖွဲ့တို့တွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကျွမ်းကျင်ပညာရှင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။

၈၄။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို တာဝန်ပေးအပ်ခြင်းခံရသည့် ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာကော်မတီ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးကော်မတီ၊ ဆပ်ကော်မတီနှင့် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ၎င်း၏တာဝန်ထမ်းဆောင်စဉ်သဘောရိုးဖြင့် ဆောင်ရွက်ခြင်းအတွက် တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မရှိစေရ။

၈၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေး စသည့် သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွှေ့ကြော လေးခု အနက် စစ်ကိုင်းပြတ်ရွှေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက်ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပွလီပင်လယ်ပြင်ထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက်ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိကျောက်လွှာများ ရုတ်တရက်ကျိုးပြတ်ရွှေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန်တုန်ခါနေခြင်းကြောင့် ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်၊ အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေအစိပ်အကျဲတို့အပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာတွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ငါးဦးနှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦးရှိခဲ့ပါသည်။

၃။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန် အတွက် အသိပညာပေးခြင်းကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက် အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များကို အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။

(ဃ) မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

(င) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၅။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှု မရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) ငါးစက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ ကာ၊ ကိုင်)ပုံစံဖြင့် နေပါ။

(ဂ) လယ်ကွင်း၊ ကွင်းပြင် သို့မဟုတ် ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ)သို့ ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ သို့မဟုတ် မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် လျှပ်စစ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကား စသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း မပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနက ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအား လုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲ ငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ထုတ်ကုန်ပြသခြင်းအတွက်သာမက MSME လုပ်ငန်းရှင်များနှင့် စိုက်ပျိုးတောင်သူများ၏ လုပ်ငန်းတိုးတက်ရေးအတွက် လက်တွေ့အကူအညီပေးသည့် ပလက်ဖောင်းတစ်ခုအဖြစ် ရည်ရွယ်ကျင်းပသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ထုတ်ကုန်ပြသခြင်းအတွက်သာမက MSME လုပ်ငန်းရှင်များနှင့် စိုက်ပျိုးတောင်သူများ၏လုပ်ငန်းတိုးတက်ရေးအတွက် လက်တွေ့အကူအညီပေးသည့် ပလက်ဖောင်းတစ်ခုအဖြစ် ရည်ရွယ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

MSME လုပ်ငန်းများသည် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအင်အားဖြစ်သည့်အတွက် ပြပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု စီးပွားရေးလုပ်ငန်းများစွာ ပါဝင်ပြသကြမည်ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍဆိုင်ရာပြခန်းများလည်း ပါရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ပြပွဲတွင် ငါးခြောက်၊ ပုစွန်ခြောက်အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို အခြေခံ၍ ထုတ်လုပ်ထားသည့် တန်ဖိုးမြင့်ထုတ်ကုန်များ၊ အသေးစား၊ အလတ်စားလုပ်ငန်းများမှထုတ်လုပ်သည့် ရေထွက်ကုန်ပစ္စည်းများကို အမျိုးအစားစုံလင်စွာ ပါဝင်ခင်းကျင်း ပြသသွားမည်ဖြစ်သည်။

ထိုသို့ပြသရာတွင် ရေထွက်ကုန်ပစ္စည်း ပြုပြင်ထုတ်လုပ်မှုအတွက် အရေးပါသည့် (GHP၊ GMP၊ SSOP)ကဲ့သို့ သန့်ရှင်းရေးနှင့် ဘေးကင်းစေရေးအခြေခံစနစ်များ၊ အစားအသောက် ဘေးကင်းစေရေးအတွက် ထုတ်လုပ်သူများအနေဖြင့် သိရှိရမည့် အချက်များ၊ ထုတ်လုပ်ခွင့်လိုင်စင်များနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကိုလည်း ပြပွဲလာရောက်သူများ လေ့လာနိုင်ရန် ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ MSME လုပ်ငန်းရှင်များကို ထုတ်ကုန်နှင့်ပတ်သက်သည့် နည်းပညာဆိုင်ရာအကြံပေးခြင်း၊ လုပ်ငန်းရှင်များအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဆက်သွယ်ချိတ်ဆက်လာပါက လိုအပ်သည့် သင်တန်းများပေးရေးအပါအဝင် ဈေးကွက် ချိတ်ဆက်မှုများကိုလည်း ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းကျော်စွာ**

☆ မြန်မာနေရှင်နယ်လိဂ်မှ

ကောင်းစည်သူ၊ ပွဲချိန် ၆၉ မိနစ်တွင် ဇော်ဝင်းသိန်း၊ ပွဲချိန် ၈၅ မိနစ်တွင် ချစ်အေးတို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများသွင်းယူနိုင်ခဲ့ပြီး ရာမညယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် ရဲဝင်းလှိုင်က သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၆) အခြားပွဲစဉ်များအဖြစ် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ISPEအသင်း တို့ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်၊ ဒဂုံပေါ့အသင်းနှင့် ဒဂုံစတားအသင်းတို့ပွဲစဉ်တွင် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ STA

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ထူးခြားသည့် ညအပူချိန်များ (၄-၂-၂၀၂၆)

ဟားခါး	၄	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မိုင်းယန်း	၆	ဒသမ	၉	ဒီဂရီဆဲလ်စီးယပ်
ပူတာအို	၇	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
တီးတိန်	၇	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
ဟဲဟိုး	၇	ဒသမ	၉	ဒီဂရီဆဲလ်စီးယပ်
လွိုင်လင်	၇	ဒသမ	၉	ဒီဂရီဆဲလ်စီးယပ်
နမ့်စန်	၈	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်
မချမ်းဘော့	၈	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်
ပင်လောင်း	၉	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်
သီပေါ	၉	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၃၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့. (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဓာတုဗေဒဘာသာရပ် သိကောင်းစရာ

ဒေါက်တာ ရဲမြင့်အောင်၊ ပါမောက္ခ (ဌာနမှူး)၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

မင်္ဂလာပါတပည့်တို့။ ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၂၆ ခုနှစ်၊ မတ်လမှာ ကျင်းပမည့် စနစ်သစ် Grade 12 တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကိုဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ မေးခွန်း(၁)စုံကို နမူနာပေး၍ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖြေဆိုမှုကို လေ့လာစေလိုပါတယ်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒမေးခွန်းပုံစံသည် ၂၀၂၄၊ ၂၀၂၅ Grade 12 တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံအတိုင်း-

Section A နဲ့ Section B ဆိုပြီး အပိုင်း ၂ ပိုင်း ပါဝင်မှာဖြစ်ပါတယ်။ Section A မှာ Objective types တွေဖြစ်တဲ့ TRUE/FALSE၊ Fill in the blanks နှင့် Multiple choice questions (MCQs) တို့ကို နံပါတ် ၁ ကနေ နံပါတ် ၃ အထိ ၁ မှတ်တန်းမေးခွန်း ၁၀ ပုဒ်စီ မေးထားပါမယ်။ စုစုပေါင်း ၃၀ မှတ်ဖိုး ဖြေဆိုရပါမယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ ဓာတုဗေဒဘာသာရပ်ကို မည်မျှကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာထားတာကို စိစစ်တဲ့မေးခွန်းများဖြစ်ပြီး အခန်းအားလုံးနှင့် သက်ဆိုင်တဲ့ မေးခွန်းများဖြစ်ပါတယ်။

Section A မေးခွန်း **နံပါတ် ၁ TRUE /FALSE** (မှန်/မှား) ရွေးချယ်စေတဲ့မေးခွန်းမှာ T သို့မဟုတ် F လို့ မရေးဘဲ TRUE သို့မဟုတ် FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၂ **Fill in the blanks** ဖြေဆိုရာမှာ မေးခွန်းပြန်ကူးစရာမလိုဘဲ ကွက်လပ်တွင် ဖြည့်ရမည့်အဖြေမှန်ကိုသာ မှန်ကန်စွာရေးသားဖြေဆိုရမှာ ဖြစ်ပါတယ်။ စာလုံးပေါင်းမှန်ရမည့်အပြင် အဖြေပြည့်စုံရပါမယ်။ မေးခွန်းနံပါတ် ၃ **Multiple choice questions** (MCQs) တွင် ဖော်ပြချက် ၄ ခုမှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရမှာဖြစ်ပါတယ်။ အဖြေမှန်တစ်ခုရွေးချယ်ရာတွင် ပေးထားသော**အက္ခရာ A, B, C, D** မှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရေးပေးရန် ဖြစ်ပါတယ်။ မေးခွန်းစာသားကို ပြန်ကူးရေးရန် မလိုပါ။ အဖြေမှန်တစ်ခုထက်ပိုရေးမိလျှင် အမှတ်မရနိုင်ပါ။

Section B မေးခွန်း **နံပါတ် ၄** မှာ ၅ မှတ်တန် **Short and Medium Questions** ပုဒ်ခွဲ ၅ ပုဒ် ပါဝင်မှာဖြစ်ပါတယ်။ ပုဒ်ခွဲ ၅ ပုဒ်စလုံးကို ဖြေဆိုရမှာဖြစ်ပါတယ်။ ၅ ပုဒ်ထဲက အခန်း(ဂ) **Environmental Chemistry** ကို ပုဒ်ခွဲတစ်ခုမှာ **OR** ခံမေးမှာဖြစ်ပါတယ်။ ဒါကြောင့် ၃၀ မှတ်ဖိုးထဲမှ ၂၅ မှတ်ဖိုးဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅၊ ၆၊ ၇ မှာ ၅ မှတ်တန် **Structured၊ Short and Medium Questions** သုံးပုဒ်စီမေးမှာဖြစ်ပါတယ်။ မေးခွန်း**နံပါတ် ၅** မှာတော့ **Physical Chemistry** အပိုင်းကို **OR** ခံမေးမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်ပါတယ်။ မေးခွန်း **နံပါတ် ၆** ၏ ပုဒ်ခွဲတစ်ပုဒ်မှာ **Organic Chemistry** အပိုင်းကို **OR** ခံ မေးမှာဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်း**နံပါတ်** ပုဒ်ခွဲတစ်ခုသည် **Inorganic Chemistry** အပိုင်းကို **OR** ခံ မေးထားခြင်းဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုးဖြေရမှာဖြစ်ပါတယ်။ ဒါကြောင့် Section B မှာ စုစုပေါင်း အမှတ် ၉၀ ဖိုးမှ အမှတ် ၇၀ ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။ Section A နှင့် Section B မှာ မေးတဲ့ မေးခွန်းအားလုံးဟာ အခန်းတိုင်းနဲ့ သက်ဆိုင်တာဖြစ်လို့ အခန်း ၈ ခန်းလုံးကို သေသေချာချာ ဖတ်ရှုလေ့လာထားစေလိုပါတယ်။

MATRICULATION EXAMINATION

DEPARTMENT OF MYANMAR EXAMINATIONS

CHEMISTRY **Time Allowed: (3) Hours**

WRITE YOUR ANSWERS IN THE ANSWER IN THE ANSWER BOOKLET

The symbols in this paper have their usual significance

SECTION (A)

(Answer ALL questions)

1. Write TRUE or FALSE for each of the following statements. (10 marks)

(a) Condensation polymers often have higher molecular masses than addition polymers.

(b) The formation of the product is favoured by high temperature in an endothermic reaction.

(c) The octet rule does not apply to *d*-block elements.

(d) When heat is transferred to a system at constant pressure, the enthalpy of the system decreases.

(e) The rate of a reaction depends on the enthalpy of the reaction.

(f) Light atoms vibrate at higher frequencies than heavy atoms.

(g) Volatile organic compounds lead to the formation of smog.

(h) In water molecules, hydrogens are partially positive and oxygen is partially negative.

(i) The colours of all 3*d* transition elements are silvery –white.

(j) A radionuclide is an atom with an unstable nucleus which has excessive energy.

2. Fill in the blanks with the correct word(s), notation(s), terms(s), unit(s), etc., as necessary. (10 marks)

(a) The enthalpy changes for the combustion reactions are always _____.

(b) Ethanol is oxidised by atmospheric oxygen in the presence of _____.

(c) Prolonged exposure to radon gas can cause _____.

(d) If the K_{eq} value is _____, the equilibrium lies to the left.

(e) For a gaseous reaction, the rate of a reaction may be expressed in the unit, _____.

(f) _____ forces exist between the layers of carbon atoms in graphite.

(g) Titanium(IV) chloride is used for the manufacturing of high-density _____ in industries.

(h) In general, the ions of transition elements have an electronic configuration of _____.

(i) Acids and bases differ greatly based on their _____.

(j) At low temperature, additional polymers lose plasticity and elasticity and become _____.

3. Choose the best answer for each question given in the following. (10 marks)

(a) Amino acids are connected in a chain by what type of bond?

A. Covalent B. Ionic C. Metallic D. Hydrogen

(b) In nature, the most stable form of carbon is _____.

A. diamond B. graphene C. graphite D. coal

(c) Which of the following pairs has the same molecular geometry?

A. CH_4 and SF_4 B. NH_4^+ and SF_4 C. CH_4 and NH_4^+ D. None of these

(d) When two electrons are in the same orbital, which property must be different for them to comply with Pauli's exclusion principle?

A. Mass B. Spin C. Charge D. Energy

(e) Which one of the following substances acts as a catalyst?

A. Carbohydrates B. Lipids C. Enzymes D. Nucleic acids

(f) _____ has the highest penetrating power.

A. Alpha particle B. X-ray C. Beta particle D. Gamma ray

(g) The number of unpaired electrons present in the Cu^+ ion is _____.

A. one B. two C. zero D. three

(h) Which element is always present in Arrhenius acid?

A. Hydrogen B. Oxygen C. Nitrogen D. None of these

(i) What is the impact of ocean acidification on marine life?

A. Enhanced coral rise B. Increased fish pollution

C. Reduced sea level rise D. Harm to shellfish and coral

(j) _____ does not affect the state of the equilibrium position.

A. Temperature B. Pressure C. Concentration D. Colour

SECTION (B)

4. Answer All questions. (25 marks)

(a) (i) Which type of molecules can accept an electron pair from a molecule bearing a lone pair of electrons? Give two examples of this type of molecule.

(ii) What does the type of chemical bonding depend on?

(iii) Name of forces that can be found in all substances.

(b) (i) How does light affect the rate of a reaction?

